# တမန်တော်ဝတ္တု

သင်ခန်းစာ သုံး

အဓိက အာဘော်များ

Manuscript

thirdmill

Biblical Education. For the World. For Free.

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 *Live Oaks Blvd., Casselberry, Florida* 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် *Good News Publishers* ၏ အမှုတော်တစ်ခုဖြစ်သော *Crossway* ၏ 2001 ခုနှစ် ထုတ် *ESV (English Standard Bible)* သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း *501 C (3)* အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ *www.thirdmill.org* သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ... 1**

**သန့်ရှင်းသောဝိညာဉ်တော် ... 2**

**ပင်တေကုတ္တေ မတိုင်မီ ... 2**

အချိန် ... 3

ရည်ရွယ်ချက် ... 6

**ပင်တေကုတ္တေပွဲနေ့ ... 8**

ထူးခြားအရေးပါမှု ... 8

ဘာသာစကားများ ... 11

ရလဒ်များ ... 15

**ပင်တေကုတ္တေနောက်ပိုင်းကာလ ... 17**

ရှမာရိ ... 17

ကဲသရိမြို့ ... 20

ဧဖက်မြို့ ... 22

**တမန်တော်များ ... 24**

**မတူထူးခြားမှု ... 24**

အရည်အချင်း သတ်မှတ်ချက်များ ... 25

အုတ်မြစ်တည်ချိန် ... 27

**အခွင့်အာဏာရှိမှု ... 28**

လုပ်ငန်းဆောင်ရွက်ပုံ ... 28

ကောင်းချီးမင်္ဂလာများ ... 31

တန်ခိုးနိမိတ်လက္ခဏာများ ... 31

ဖွင့်လှစ်ဖော်ပြခြင်း ... 33

**အနည်းနည်း အထွေထွေ ... 34**

နည်းဗျူဟာများ ... 34

နောက်ခံအခြေအနေများ ... 38

**အသင်းတော် ... 40**

**လိုအပ်ချက် ... 40**

ခန္ဓာပိုင်းဆိုင်ရာ အကန့်အသတ်များ ... 40

အချိန်ကာလဆိုင်ရာ အကန့်အသတ်များ ... 42

**ပြင်ဆင်ခြင်း ... 43**





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကို ဝင်ကြည့်နိုင်ပါသည်။

သွန်သင်ချက်များ........................................................................................................43
အမှုတော်ဆောင်များ ....................................................................................................44
အခက်အခဲများ ...........................................................................................................49

**နိဂုံး ........................................................................................................ 50**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်ဒမစ်လ်ကို
ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

သားသမီးငယ် ရှိသော မိဘတိုင်း ကိုယ့် သားသမီးကို အာပေါက်မတတ် ဆုံးမရလေ့ရှိကြောင်း အနီးအနားကလူတိုင်း သိကြသည်။ တူညီသည့် အာဘော် တစ်ခုကိုပဲ ကလေးများထံ အထပ်ထပ် ပြောဆိုရင်း သူတို့အသက်တာ ရင့်ကျက် မှန်ကန်အောင် မိဘများက ပြုစုကြရသည်။

အလားတူပင် တမန်တော်ဝတ္ထုကို ဖတ်သည့်အခါ အချို့သော အာဘော်များအား အကြိမ်ကြိမ် လုကာ ဆွေးနွေးခဲ့ကြောင်း မြန်မြန်ဆန်ဆန် ပေါ်လွင်လာသည်။ အဆိုပါ အာဘော်တို့သည် သူ့စာတလျှောက်လုံး အကြိမ်ကြိမ် ပါရှိနေသည်။ ယင်းတို့သည် လုကာ၏ သွန်သင်ချက်ကို ဖွင့်လှစ်ပေးမည့် အရေးပါသော သော့တံများလည်း ဖြစ်ကြသည်။ ထို့ကြောင့် တမန်တော်ဝတ္ထု၏ လေးနက်အရေးပါမှုကို ကျွန်ုပ်တို့ ဆုပ်ကိုင်မိလိုပါက အဆိုပါ အထပ်ထပ်ပြဆိုသည့် အာဘော်များကို အသေအချာ အာရုံစိုက်ကြရပါမည်။

ဤအရာသည် ကျွန်ုပ်တို့၏ *တမန်တော်ဝတ္ထု* သင်ခန်းစာ စာစဉ်ထဲက တတိယမြောက် သင်ခန်းစာ ဖြစ်ပြီး "အဓိကအာဘော်များ" ဟု ခေါင်းစဉ်တပ်ထားပါသည်။ ဤသင်ခန်းစာထဲတွင် ကနဦးအသင်းတော်ကာလ သတင်းကောင်း ဖြန့်ကျက်မှုအကြောင်း လုကာ တင်ဆက်ရာတွင် မကြာခဏ သူ ဆွေးနွေးခဲ့သည့် အဓိက အာဘော် သုံးခုကို ကျွန်ုပ်တို့ လေ့လာကြပါမည်။

ပြီးခဲ့သည့် သင်ခန်းစာများထဲတွင် အားနှင့်အင်နှင့် ရိုက်ခတ်သက်ရောက်မှု ဖြစ်စေခဲ့သည့် ဝမ်းမြောက်ဖွယ် သတင်းစကားအကြောင်း ဆက်သွယ်ပြောဆိုရန်နှင့် အတည်ပြုချက်ပေးရန် အားကိုးစိတ်ချလောက်သည့် ကနဦး အသင်းတော်၏ သမိုင်းစစ် သမိုင်းမှန်ကို သူရေးခဲ့ကြောင်း ဖော်ပြခြင်းဖြင့် တမန်တော်ဝတ္ထုကို လုကာရေးရသည့် ရည်ရွယ်ချက်အား ကျွန်ုပ်တို့ အကျဉ်းချုပ်ပေးခဲ့ပါသည်။ တွေ့ခဲ့ပြီးသည့်အတိုင်း သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ခရစ်တော်ဆက်လက်ပြုတော်မူနေသည့် သာသနာအကြောင်း ယုံကြည်စိတ်ချရသည့် သက်သေခံချက်အဖြစ် သမိုင်း အချက်အလက်များကို လုကာမှတ်တမ်းတင်ခဲ့သည်။ ဤသင်ခန်းစာထဲတွင် သူ့အဓိကအာဘော်ကို ပုံဖော်ရန်နှင့် ထောက်ကူရန် လုကာသုံးခဲ့သည့် အရေးကြီးအာဘော်ခွဲ အချို့ကို ထဲထဲဝင်ဝင်လေ့လာခြင်းဖြင့် ဤရည်ရွယ်ချက်ကို ပိုနှံ့စပ်စွာ လေ့လာကြပါမည်။

တမန်တော် ဝတ္ထုအဖွင့်ပိုင်းမှာ မိတ်ဆက်ထားပြီး နောက်ပိုင်း အခန်းများထဲ ဆက်လက် တိုးတက်ဖွင့်ပြသွားသော အဓိကကျသည့် အာဘော် သုံးခုကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ပထမအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော် အကြောင်း အာဘော်ကို လေ့လာပါမည်။ ဒုတိယအားဖြင့် တမန်တော်များအပေါ် လုကာ၏ စူးစိုက်ပုံကို ကြည့်ပါမည်။ တတိယအားဖြင့် တမန်တော်များ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထူထောင်ခဲ့သည့် အသင်းတော် အကြောင်း အာဘော်ကို ဖော်ထုတ်ပါမည်။ တမန်တော် ဝတ္ထုထဲက သန့်ရှင်းသော ဝိညာဉ်တော်၏ ကဏ္ဍနှင့် အစပြုကြပါစို့။

# သန့်ရှင်းသောဝိညာဉ်တော်

တမန်တော် ဝတ္ထုတွင် သန့်ရှင်းသော ဝိညာဉ်တော် အကြောင်းသွန်သင်မှုကို ကြွယ်ဝစွာ တွေ့ရသည်။ ပြောင်းလဲသော အသက်တာအားဖြင့် ရှင်သန်ပြီး လောကသို့ သတင်းကောင်းဆင့်ဆိုနိုင်ရန် အသင်းတော်ကို အစွမ်းတန်ခိုးပေးသူအဖြစ် ဝိညာဉ်တော်ကို တင်ဆက်ထားသည်။ တမန်တော်များနှင့် အခြား ကနဦးအသင်းတော် ခေါင်းဆောင်များ၏ သာသနာစစ်မှန်ကြောင်း အတည်ပြုရန် နိမိတ်လက္ခဏာနှင့် အံ့ဖွယ်အမှုများစွာကို ဝိညာဉ်တော် ပြုခဲ့ကြောင်း ၎င်းက မှတ်တမ်းတင်ထားသည်။ ဆန့်ကျင်ခံရမှုနှင့် နှိပ်ကွပ်ညှင်းဆဲမှု ကြုံရသူ ခရစ်ယာန်တို့ ဝိညာဉ်တော်အားဖြင့် အကြီးအကျယ် ရဲရင့်ခဲ့ကြကြောင်းကိုလည်း ၎င်းက သက်သေခံထားသည်။ အချုပ်ဆိုရလျှင် သတင်းကောင်းနှင့် နိုင်ငံတော်ကို မိမိတန်ခိုးနှင့် ဖြန့်ကျက်စေသူ၊ မိမိလူတို့ကို မိမိတန်ခိုးအားဖြင့် ဘုရားဝတ်၌ မွေ့လျော်စေသူအဖြစ် သန့်ရှင်းသော ဝိညာဉ်တော်ကို တမန်တော် ဝတ္ထုက ဖော်ပြခဲ့သည်။

တမန်တော်ဝတ္ထုထဲ နည်းလမ်းအဖုံဖုံနှင့် သန့်ရှင်းသော ဝိညာဉ်တော် အမှုဆောင်ခဲ့စဉ် ကာလအချိန်ကို သုံးပိုင်းခွဲပြီး အသင်းတော် အပေါ် သန့်ရှင်းသော ဝိညာဉ်တော် သြဇာညောင်းပုံကို ကျွန်ုပ်တို့ အာရုံစိုက်ကြပါမည်။ ပထမအားဖြင့် ပင်တေကုတ္တေနေ့မတိုင်မီ တမန်တော် ဝတ္ထုထဲ ဝိညာဉ်တော် အမှုဆောင်ပုံကို ကြည့်ပါမည်။ ဒုတိယအားဖြင့် ပင်တေကုတ္တေနေ့ ယေရုရှလင်မြို့၌ သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းပုံကို ဖော်ထုတ်ကြပါမည်။ တတိယအားဖြင့် ပင်တေကုတ္တေနေ့ နောက်ပိုင်း ဝိညာဉ်တော်၏ သာသနာကို လေ့လာကြပါမည်။ ပင်တေကုတ္တေနေ့ မတိုင်မီ ဝိညာဉ်တော်အကြောင်း တမန်တော် ဝတ္ထု ဖော်ပြချက်နှင့် စကြပါစို့။

## ပင်တေကုတ္တေ မတိုင်မီ

ကောင်းကင်သို့ ယေရှုတက်ကြွပြီး များမကြာမီ အသင်းတော်အပေါ် သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းမှု၏ အမှတ်လက္ခဏာ ဖြစ်သောကြောင့် ပင်တေကုတ္တေနေ့သည် ထူးခြားအရေးပါလှသည်။ တမန်တော် ၁း၃-၁၁ အရ ထမြောက်သော ယေရှုသည် ကောင်းကင် မတက်ကြွမီ ရက်ပေါင်းလေးဆယ် သွားလာနေထိုင်ရင်း မိမိတမန်တော်များကို ဆုံးမသြဝါဒပေးခဲ့သည်။ တမန်တော် ၁း၃ အရ

အသေခံတော်မူပြီးလျှင် တမန်တော်တို့အား အရက်လေးဆယ်ပတ်လုံး ကိုယ်ကို ပြ၍ ဘုရားသခင်နိုင်ငံတော်နှင့် စပ်ဆိုင်သော အရာတို့ကို မိန့်မြွက်တော်မူလျက်

မိမိအသက်ရှင်သည့်အကြောင်းကို ခိုင်ခံ့သော သက်သေအများအားဖြင့် ပြတော်မူ၏ (တမန် ၁း၃) ဟု ကျွန်ုပ်တို့ ဖတ်ရသည်။

ယေရှု၏ သွန်သင်ချက်အတွင်း ကျွန်ုပ်တို့ တွေ့ရသည့် နိုင်ငံတော်အကြောင်း အရေးကြီး အခြေခံ အင်္ဂါရပ်တစ်ခုမှာ မကြာမီ သန့်ရှင်းသော ဝိညာဉ်တော်သည် သူတို့ထံ တန်ခိုးနှင့်တကွ ဆင်းသက်လာတော့မည့် အကြောင်း ဖြစ်သည်။

ပင်တေကုတ္တေမတိုင်မီ ယေရှုသွန်သင်သည့် ဝိညာဉ်တော်အကြောင်း အမြင် ရှုထောင့်နှစ်ခုအပေါ် ကျွန်ုပ်တို့ ဆွေးနွေးပါမည်။ ပထမအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်လာချိန်ကို ကြည့်ပါမည်။ ဒုတိယအားဖြင့် ဆင်းသက်လာရသည့် ရည်ရွယ်ချက်ကို ကြည့်ပါမည်။ ဝိညာဉ်တော် ဆင်းသက်လာချိန် အကြောင်း ယေရှု သွန်သင်ချက်နှင့် အစပြုကြပါစို့။

## အချိန်

တမန်တော် ၁း၄-၈ အတွင်း တမန်တော်များထံ ယေရှု မိန့်ဆိုချက်ကို နားထောင်ကြည့်ပါ။

> ထိုတမန်တော်တို့ကို စုဝေးစေတော်မူပြီးလျှင် ယေရုရှလင်မြို့မှ မထွက်မသွားဘဲ ခမည်းတော်၏ ကတိကို ငံ့လင့်နေမည် အကြောင်း မှာတော်မူ၍ ......... သင်တို့သည် မကြာမမြင့်မီ သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံကို ခံရကြလိမ့်မည်ဟု မိန့်တော်မူ၏။ ထိုတမန်တော်တို့သည်လည်း စုဝေး၍ ယခုအခါ ကိုယ်တော်သည် ဣသရေလ အမျိုးသားတို့အား နိုင်ငံကို ပြန်ပေးတော်မူမည်လောဟု မေးလျှောက်ကြလျှင်၊ သခင်ဘုရားက "ခမည်းတော်၏ တန်ခိုးအားဖြင့် စီရင်တော်မူသော အချိန်ကာလကို သိရသောအခွင့်သည် သင်တို့၌ မရှိ၊ ထိုသို့ မရှိသော်လည်း သင်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကို ခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏ သက်သေ ဖြစ်ကြလိမ့်မည်" ဟု မိန့်တော်မူ၏ (တမန်တော် ၁း၄-၈)။

ရောက်လာမည့် သန့်ရှင်းသော ဝိညာဉ်တော် ဗတ္တိဇံအကြောင်း ယေရှုကြေညာစဉ် ဣသရေလအမျိုးသားတို့အား နိုင်ငံတော် ပြန်ပေးတော့မည်လောဟု ယေရှုထံ တမန်တော်များ မေးခဲ့ကြသည်ကို သတိပြုပါ။ "ဣသရေလ အမျိုးသားတို့ထံ နိုင်ငံတော် ပြန်ပေးသည်" ဆိုသည့် ဖော်ပြချက်သည် ယနေ့ခေတ် ပရိသတ်နှင့် စိမ်းနေသဖြင့် ခေတ္တအချိန်ယူ ရှင်းပြလိုပါသည်။

> ယနေ့ခေတ် ပရိသတ်တို့အမြင်တွင် ဘုရားသခင့် နိုင်ငံတော်ကို ဣသရေလ၏ ကြီးစိုးလွှမ်းမိုးပုံနှင့် တွဲဖက်ပြီး ကျွန်ုပ်တို့ မြင်လေ့ မရှိကြပေ။ သို့သော် ဓမ္မဟောင်း ပရောဖက်ပြုချက်အရ ဆိုလျှင် တမျိုးတဖုံ ဖြစ်ကြောင်း တွေ့ရသည်။ နောင်ကာလ နိုင်ငံတော် ပြည့်စုံလာမှုသည် ယေရုရှလင်တွင်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဒါဝိဒ်နန်းဆက် ပြန်ထူထောင်မှု၊ လူမျိုးတကာကို ဘုရားသခင့် ဘုန်းကြီးသော မျက်မှောက်တော်ထဲ ခေါ်သွင်းမည့် ဣသရေလတိုင်းနိုင်ငံတော် ပြန်ထူထောင်လာမှု၊ ပြန်ချီးမြှောက်ခံရမှုတို့နှင့် ယှဉ်တွဲနေကြောင်း တွေ့ရသည်။ သာဓကအားဖြင့် အဆိုပါ အကြောင်းအရာ ရှိသမျှနှင့် ဆက်စပ်သော ပရောဖက်ကျမ်းနှစ်ဆူကိုပြပါ ဆိုလျှင် ဟောရှေကျမ်းနှင့် ဟေရှာယကျမ်းတို့ ရှိကြပြီး ထိုကျမ်းများထဲတွင် အဆိုပါအကြောင်းအရာမျိုးတို့ကို တွေ့ရသည်။ သို့ဖြစ်သောကြောင့် ဣသရေလကို ပြန်တည်မြဲစေခြင်းဟု ဆိုအပ်သော ဣသရေလ ကြီးစိုးထင်ရှားလာမှု၌ ဘုရားသခင့် နိုင်ငံတော်ဆိုင်ရာ သူတို့၏ မျှော်လင့်ချက်ရှိသမျှကို တမန်တော်တို့ ပုံအောထားသည်မှာ သဘာဝကျလှသည်။ သို့သော် စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ထိုသို့ မရှုမြင်ဖို့ သူတို့ကို ယေရှု မတားမြစ်ခြင်း ဖြစ်သည်။ "အို၊ ဣသရေလ အကြောင်းလား၊ ထားလိုက်စမ်းပါ၊ အနာဂတ်မှာ ဣသရေလနဲ့ပတ်သက်လို့ ဘာမှ ထူးထူးထွေထွေ မရှိတော့ဘူး" ဟု သူ မပြောပါ။ ထိုအရာနှင့် ဆန့်ကျင်စွာပင် သူတို့ကို ကိုယ်တော်မိန့်သမျှမှာ "အချိန်ကာလကို သိရသော အခွင့်သည် သင်တို့၌ မရှိ" ဟူ၍သာ ဖြစ်သည်။

**Dr Richard L. Pratt, Jr.**

ဣသရေလနှင့် ယုဒတို့၏ အပြစ်များသည် လေးလံလွန်းလှသဖြင့် ကတိတော်နယ်မြေမှ သူတို့ကို ဘုရားသခင် နှင်ထုတ်ပြီး တပါးအမျိုးအုပ်စိုးသူတို့လက်၌ ညှဉ်းဆဲခံစေခဲ့သည်။ ဓမ္မဟောင်း ပရောဖက်ပြုချက်များကို အခြေပြုပြီး ဘုရားသခင်သည် နောင်ကာလတွင် မေရှိယကို ပေါ်ထွန်းစေလျက် သူ့လူများအား အပြစ် ဖြေလွှတ် တည်မြဲစေပြီး နယ်မြေပြန်ပေးကာ သူတို့အပေါ် အုပ်စိုးစေမည်ဖြစ်ကြောင်း ယုဒလူတို့ ယုံကြည်ခဲ့ကြသည်။ ဒါဝိဒ်သားမြေးတစ်ဦးဖြစ်သော မေရှိယသည် ဣသရေလနှင့် ယုဒပြည်တို့အပေါ်အုပ်စိုးသည့် ရှင်ဘုရင်ဖြစ်လာကာ ကတိတော်မြေကိုလည်း မြေကြီးပေါ်က ဘုရားသခင့် နိုင်ငံတော် ဗဟိုချက်မအဖြစ် ပြောင်းလဲပေးမည် ဖြစ်သည်။ ဘုရားသခင့်လူတို့သည်လည်း ထာဝရ ကောင်းချီးနှင့် ပြည့်စုံသော ဘဝကို ထိုအရပ်မှာ ခံစားကြမည် ဖြစ်သည်။

ပထမရာစုနှစ်လောက်ကပင် ဣသရေလသည် ဆင်းရဲဒုက္ခကို နှစ်ရာချီ ခံစားခဲ့ရပြီး ဖြစ်သည်။ ဣသရေလကို ပြန်တည်မြဲစေမည့် မေရှိယ တစ်ပါးကို အသည်းအသန် မျှော်လင့်နေခဲ့သည်လည်း ဖြစ်သည်။ ထို့ကြောင့် ယေရှု ကောင်းကင်တက်ကြွတော့မည့်အကြောင်း တမန်တော်တို့ သိချိန်၌ အဆိုပါ ဓမ္မဟောင်း ကြိုပြောထားချက်များအား သူမတက်ကြွမီ ဖြည့်ဆည်းခဲ့လိမ့်မည်ဟု သူတို့ မျှော်လင့်ခဲ့ကြသည်။ ထိုအကြောင်းကြောင့်ပင် ဣသရေလနိုင်ငံ ပြန်တည်မြဲရေး အကြောင်းကို သူတို့မေးကြခြင်း ဖြစ်သည်။ သို့သော် ဣသရေလသို့ ရုတ်တရက် နိုင်ငံပြန်ပေးရေး အဆိုပါ ရေပန်းစားနေသည့် မျှော်လင့်ချက်သည် အလွဲနားလည်မှုသာ ဖြစ်ကြောင်း ယေရှု သွန်သင်ခဲ့သည်။

ထိုအစား ကမ္ဘာတလွှား သတင်းကောင်း ဖြန့်ကျက်ခြင်းနှင့် ဘုန်းတော်၌ ခရစ်တော် ပြန်ကြွလာခြင်းအားဖြင့် ဓမ္မဟောင်း ပရောဖက်ပြုချက်ကို ဘုရားသခင် ပြည့်စုံစေတော်မူလိမ့်မည် ဖြစ်သည်။

သို့တစေ တမန်တော်တို့သည် သန့်ရှင်းသော ဝိညာဉ်တော် ဗတ္တိဇံအကြောင်း ယေရှုဖော်ပြချက်ကို တုန့်ပြန်ရာ၌ တိုင်းနိုင်ငံ ပြန်တည်မြဲရေးအကြောင်း အဘယ်ကြောင့် မေးခွန်းထုတ်ခဲ့ကြပါသနည်း။ ဟုတ်ပါပြီ။ ဓမ္မဟောင်း ပရောဖက်ပြုချက်ကို တမန်တော်တို့ တဖန် ပြန်လည်ဆင်ခြင်နေကြခြင်း ဖြစ်သည်။ တရားစီရင်မှု ပြီးဆုံးသည့်အခါ မိမိ၏ ဝိညာဉ်တော်ကို ယခင်ကနှင့် ဘယ်သောအခါမျှ မတူအောင် ဘုရားသခင် သွန်းလောင်းလိမ့်မည် ဖြစ်ကြောင်း ဓမ္မဟောင်း ကျမ်းချက်များစွာ၌ ပရောဖက်တို့ ကြိုတင်ပြောဆိုထားခဲ့ကြသည်။ ဟေရှာယ ၄၄း၃-၄ တွင် ပရောဖက် ဟေရှာယက ဝိညာဉ်တော်အကြောင်း ပြောဆိုထားသည်ကို ကြည့်ပါ-

> ရေငတ်သောသူအပေါ်မှာ ရေကို ငါသွန်းလောင်း၍ သွေ့ခြောက်သောမြေကို ရေလွှမ်းမိုးစေမည်။ သင်၏ အမျိုးအပေါ်မှာ ငါ့ဝိညာဉ်ကိုငှင်း၊ သင်၏ အနွယ်အပေါ်မှာ ငါ့ကောင်းချီးမင်္ဂလာကိုငှင်း ငါသွန်းလောင်းမည်။ သူတို့သည်လည်း ရေမြောင်းအနားမှာ မိုးမခပင်ကဲ့သို့ မြက်ပင်ထဲတွင် ပေါက်ကြလိမ့်မည် (ဟေရှာ ၄၄း၃-၄)။

ဤနေရာ၌ ပြန်လည်တည်မြဲမှုအကြောင်း ဟေရှာယ ပြောဆိုရာတွင် မြေကြီးပေါ်မှာ သူ့ဝိညာဉ်ကို သွန်းလောင်းမည်ဟု ဘုရားသခင် ပြောဆိုကြောင်း ဖော်ပြထားသည်။

မေရှိယ ကြွမလာမီ အပြစ်၊ ယိုယွင်းမှု၊ သေခြင်းတို့ ရှိနေသည့် "ယခုကာလ"ဟု ယုဒဘာသာရေး ဆရာများ ခေါ်ဆိုလေ့ရှိသည့် အချိန်မှာ ဣသရေလတို့ အသက်ရှင်နေကြလိမ့်မည်ဟု ဓမ္မဟောင်း ပရောဖက်တို့ ဆင့်ဆိုဟောပြောခဲ့ကြသည်။ မေရှိယ ကြွလာချိန်တွင် ယုဒဘာသာရေးဆရာတို့အခေါ် "နောင်ဘဝ" ဆိုသည့် ခေတ်သစ်တစ်ခုကို ကိုယ်တော်ဖွင့်လှစ်ပေးလိမ့်မည် ဖြစ်ကြောင်း သူတို့ ကြေညာခဲ့ကြသည်။ နောင်ဘဝသည် ဘုရားသခင့် ရန်မာန်များ စီရင်ခံကြရပြီး ဘုရားသခင့်လူများ အဆုံးသတ်အားဖြင့် ယတိပြတ် ကောင်းချီးခံကြရမည့် ကာလ ဖြစ်သည်။ ဤဖြစ်စဉ် မည်မျှကြာမည်ကို ဓမ္မဟောင်း ပရောဖက်တို့က မည်သည့်အခါကမျှ အတိအကျ ရှင်းမပြခဲ့ကြပါ။ သို့သော် တစ်ကြိမ်တည်းနှင့် ရုတ်ခြည်း ဖြစ်ပေါ်လာမည်ဟု ယုဒ ဘာသာရေးဆရာ အများစုက မျှော်လင့်ထားကြသည်။

ဤအမြင်နှင့် ကွဲလွဲခြားနားစွာပင် ဘုရားသခင့်နိုင်ငံတော်သည် လူမျိုးတကာတို့အတွင်း ဖြန့်ကျက်ရင်း အချိန်တန်လျှင် ဖွင့်လှစ်လာမည်ဟု ယေရှု ရှင်းပြခဲ့သည်။ တစ်ကြိမ်တည်းနှင့် ချက်ခြင်း ဖြစ်လာမည့်အစား ဘုန်းတော်နှင့် ပြည့်စုံသော ဘုရားသခင့်နိုင်ငံတော် အဖြစ်ကူးပြောင်းခြင်းသည် အဆင့်အလိုက် ဖြစ်ပေါ်မည် ဖြစ်သည်။ နောင်ဘဝသည် မြေကြီးပေါ်မှာ ယေရှု အမှုဆောင်စဉ်အတွင်း အစပြုလိမ့်မည် ဖြစ်သည်။ သတင်းကောင်း သာသနာအားဖြင့် နိုင်ငံတော် ဖြန့်ကျက်နေသည်နှင့် အမျှ ကောင်းကင်တွင် ယေရှု စိုးစံနေစဉ်အတွင်း ဆက်လက်ဖြစ်ပေါ်နေမည် ဖြစ်သည်။ နောင်ကာလ ယေရှု



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြန်ကြွလာသည့်အခါ ကမ္ဘာလုံးဆိုင်ရာ မေရှိယနိုင်ငံတော်သည် အဆုံးသတ်ပြည့်စုံခြင်းသို့ ရောက်ရှိလိမ့်မည် ဖြစ်ပြီး အပြစ်ရှိသော ယခုဘဝသည် လုံးလုံး ပြီးဆုံးသွားမည် ဖြစ်သည်။

ဘုရားသခင် နိုင်ငံတော် တည်ထောင်မှုဆိုင်ရာ ဤရှုထောင့်က တမန်တော်များကို အဘယ်ကြောင့် ဤသို့ ယေရှု တုန့်ပြန်ခဲ့ကြောင်း ရှင်းပြသည်။ အသင်းတော်အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းကာနီး ဆဲဆဲ အချိန် ဖြစ်သော်လည်း အရာရာတို့ ဆုံးခန်းတိုင်ရန် နီးလာပြီဟု ဆိုလိုခြင်းတော့ မဟုတ်သေးပေ။ နိုင်ငံတော်ကို ယေရှု အစပြုပေးခဲ့ရုံမျှသာရှိသေးပြီး ကိုယ်တော်ပြန်မကြွလာမီ အပြစ်ရှိသော လောကအတွင်း အသင်းတော် ဆက်ကျင်လည်နေရစဉ်အခါ ကိုယ်တော်၏ အသင်းတော်အား သန့်ရှင်းသော ဝိညာဉ်တော်ကောင်းချီးများက ပြင်ဆင်ပေးရလိမ့်မည် ဖြစ်သည်။

သန့်ရှင်းသော ဝိညာဉ်တော် ဆင်းလာမည့်အကြောင်း ပင်တေကုတ္တေမတိုင်မီ ယေရှုမည်သို့ သွန်သင်ခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ကြပြီး ဖြစ်သည်။ ထို့ကြောင့် သူကြွလာရသည့် ရည်ရွယ်ချက်အကြောင်း သူ ဘာပြောခဲ့သည်ကို လေ့လာကြပါစို့။

## ရည်ရွယ်ချက်

တမန်တော် ၁း၈ အတွင်း တမန်တော်များသို့ ယေရှုမိန့်ဆိုခဲ့သော စကားများကိုနားထောင်ကြည့်ပါ-

> ထိုသို့ မရှိသော်လည်း သင်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကို ခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏ သက်သေ ဖြစ်ကြလိမ့်မည်" ဟု မိန့်တော်မူ၏ (တမန် ၁း၈)။

သန့်ရှင်းသော ဝိညာဉ်တော် ဗတ္တိဇံအကြောင်း အသစ်သော နည်းဟန်ဖြင့် စဉ်းစားတွေးခေါ်ကြရန် တမန်တော်တို့ကို ယေရှု လမ်းပြန်ညွှန်ပေးခဲ့သည်။ နိုင်ငံတော် နောက်ဆုံးအဆင့်ကို ဖွင့်လှစ်ခေါ်သွင်းမည့် အစား တမန်တော်များထံ တန်ခိုးပေးသောအားဖြင့် ဘုရားဝတ်၌ မွေ့လျော်ပြီး သစ္စာရှိသော သက်သေခံများ ဖြစ်လာနိုင်ရေးအတွက် ဝိညာဉ်တော်ကို သွန်းလောင်းလိမ့်မည် ဖြစ်သည်။

ဓမ္မဟောင်းတွင် ဝိညာဉ်တော်သည် အမြဲတစေ တန်ခိုးနှင့် ယှဉ်တွဲနေသည်။ သာဓက ဆိုရလျှင် "ဘုရားသခင်၏ ဝိညာဉ်တော်" ဟူ၍ အမြဲပြန်ဆိုလေ့ ရှိကြသော ဟေဗြဲစကားစု *ရူးအခ် အီလိုဟင် (*רוּחַ אֱלֹהִים) သည် ဘုရားသခင့်အထံတော်မှ လာသည့် တန်ခိုးပါသောလေပြင်း သို့မဟုတ် စွမ်းအင်ပေးသော အားတစ်ရပ်ကို ဖော်ညွှန်းသည်။ ဓမ္မဟောင်းတွင် ယေဘုယျအားဖြင့် ဘုရားသခင့်အလိုတော်ကို ဆောင်ရန် ဘုရားဝိညာဉ်တော်က တန်ခိုးနှင့် အမှုဆောင်သည်။ သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုးသည်လည်း လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အသက်တာများတွင် စိတ်လှုပ်ရှားဖွယ် ပေါ်လွင် ထင်ရှားသည်။ သာဓက ဆိုရလျှင် တရားသူကြီး မှတ်စာ အခန်းကြီး ၁၄၊ ၁၅ အရ ရှံဆုန်အပေါ်သို့

သန့်ရှင်းသော ဝိညာဉ်တော် သက်ရောက်ချိန်၌ ဖိလိတ္တိလူတို့အပေါ် ဣသရေလတို့ အောင်ပွဲများစွာ ရစေသည့် အံ့ဖွယ် ကာယခွန်အားသုံး စွမ်းဆောင်ချက်များကို ရှံဆုန် လုပ်ဆောင်ခဲ့သည်။

တန်ခိုးပေးခြင်းအပြင် တပည့်တော်တို့အား ဘုရားဝတ်၌ မွေ့လျော်သော သက်သေခံများဖြစ်စေဖို့ ဝိညာဉ်တော်က လုပ်ဆောင်ပေးဦးမည် ဖြစ်ကြောင်း ယေရှု သွန်သင်ခဲ့သည်။ ဝိညာဉ်တော်နှင့် သက်သေခံသူဖြစ်ခြင်း တို့အကြား ဆက်စပ်မှုက ဓမ္မဟောင်းကို ပြန်လည် ထင်ဟပ်ဖော်ပြသည်။ အခါများစွာ၌ ဘုရားသခင့်ကိုယ်စား ရဲရဲရင့်ရင့်နှင့် ထိထိရောက်ရောက် ပြောဆိုနိုင်ဖို့ သူ့လူများကို ဘုရားသခင့် ဝိညာဉ်တော်က တန်ခိုးပေးခဲ့သည်။ သာဓကအားဖြင့် မိက္ခာ ၃း၈ ကို နားထောင်ကြည့်ပါ။

> ငါမူကား ထာဝရ ဘုရား၏ ဝိညာဉ်တော်အားဖြင့် အရှိန်တန်ခိုး၊ ဉာဏ်သတ္တိ၊ အစွမ်းသတ္တိနှင့် ပြည့်စုံ၏ (မိက္ခာ ၃း၈)။

များယွင်းသော မိစ္ဆာပရောဖက်များ၏ ဆန့်ကျင်မှုကို ခံရသော်လည်း သမ္မာတရားကို ပြောဆိုရန် ဝိညာဉ်တော်က သူ့အား ရဲရင့်စေခဲ့ကြောင်း ဤကျမ်းချက်တွင် မိက္ခာရှင်းပြနေခြင်း ဖြစ်သည်။

ထို့ကြောင့် သူ၏ သက်သေများအဖြစ် သူတို့ တန်ခိုးရရှိဖို့ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဗတ္တိဇံပေးမည်ဟု တမန်တော်များထံ ယေရှုပြောသည့်အခါ ဓမ္မဟောင်းကာလ အခြားသူများအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော် ပြုမူလှုပ်ရှားခဲ့သလို သူတို့အထဲမှာလည်း အလားတူ ဝိညာဉ်တော်က ပြုမူလုပ်ဆောင်မည်ဟု ယေရှုညွှန်ပြလိုရင်း ဖြစ်သည်။ တမန်တော်တို့၏ သတင်းစကား မှန်ကြောင်း သက်သေထူသည့် တန်ခိုးပြချက်များကိုလည်း သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်မည်ဖြစ်ပြီး ဆန့်ကျင်သူများအား အဘယ်သို့ပြန်ပြောရမည်ကိုလည်း သွန်သင်ပေးမည် ဖြစ်သည်။ ဟုတ်ပါသည်။ တမန်တော်ဝတ္ထုထဲတွင် အဆိုပါ ဝိညာဉ်တော်၏ ထင်ရှားပြချက်များကို အထပ်ထပ်အခါခါ တွေ့ရသည်။

> ယေရှုခရစ်တော်၏ သက်သေခံများဖြစ်ကြရမည် ဆိုသည့် ကိုယ်တော်ပေးသော အမိန့်ကို တမန်တော်များ ရရှိခဲ့သည်။ သို့သော် "အထက်အရပ်မှ တန်ခိုးကို ခံယူရရှိသည်အထိ၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဆင်မြန်းခံရသည်အထိ ယေရုရှလင်မြို့မှာပဲနေကြ" ရန် သူတို့ကို အစကတည်းက ယေရှုခရစ်တော် သတိပေး မှာကြားထားသည်။ ထို့ကြောင့် သန့်ရှင်းသော ဝိညာဉ်တော် ၏ မျက်မှောက်တော်နှင့် ဝိညာဉ်တော် ပြည့်ဝမှု မရှိဘဲ ကိုယ်တော်အကြောင်း သက်သေခံမည့် သာသနာကို သူတို့ မလုပ်နိုင်ကြောင်း သခင်ယေရှုခရစ်က ရှင်းလင်းစွာ ပြသသည်။
>
> **Dr. Daniel Fodorean (translation)**

ပင်တေကုတ္တေမတိုင်မီ သန့်ရှင်းသော ဝိညာဉ်တော် အမှုဆောင်ပုံအကြောင်း ယေရှုသွန်သင်ခဲ့ပုံအချို့ကို တွေ့ပြီးသည့်နောက် ပင်တေကုတ္တေပွဲနေ့ ယေရုရှလင်တွင် စုဝေးနေသော အသင်းတော်အပေါ် သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းပုံကို ကျွန်ုပ်တို့ လေ့လာကြပါမည်။

# ပင်တေကုတ္တေပွဲနေ့

ပင်တေကုတ္တေပွဲနေ့မှာ အသင်းတော်အပေါ် သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းပုံကို တမန် ၂း၁-၄ မှာ တွေ့ရသည်။

> ပင်တေကုတ္တေနေ့ ရောက်လာချိန်တွင် တနေရာတည်းတွင် သူတို့ စုဝေးနေခဲ့ကြသည်။ ရုတ်ခြည်းဆိုသလို အထက်ကောင်းကင်မှ လေပြင်းမုန်တိုင်းတိုက်သံလို အသံမျိုး ပေါ်လာပြီး ထိုသူတို့ ထိုင်နေရာ တဆောင်လုံးကို လွှမ်းခြုံသွားသည်။ မီးကဲ့သို့သော မတူခြားနားသည့် လျှာများ သူတို့ထံ ထင်ရှားလာကြပြီး သူတို့တစ်ဦးချင်းပေါ်မှာ ကိန်းဝပ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် သူတို့အားလုံး ပြည့်ဝသွားကြပြီး ဝိညာဉ်တော်က ပြောဆိုခိုင်းသည့်အတိုင်း အခြားသော ဘာသာစကားများဖြင့် စတင်ပြောဆိုကြတော့သည်။

ပင်တေကုတ္တေပွဲနေ့ သန့်ရှင်းသော ဝိညာဉ်တော် အမှုဆောင်ပုံ အရေးပါမှုကို ဖော်ထုတ်ရန် အဓိကကျသော အရေးအရာ သုံးခုကို ဆွေးနွေးပါမည်။ ပထမအားဖြင့် ပင်တေကုတ္တေနေ့ ထူးခြားအရေးပါပုံကို ကြည့်ပါမည်။ ဒုတိယအားဖြင့် အခြားသော ဘာသာစကားများအားဖြင့် ပြောဆိုခြင်း သဘောအယူအဆကို စဉ်းစားကြပါမည်။ ထို့နောက် တတိယအားဖြင့် အဆိုပါ အဖြစ်အပျက်တို့ကပေးသော အကျိုးရလာဒ်တို့အကြောင်း ဆွေးနွေးကြပါမည်။ ပင်တေကုတ္တေနေ့၏ ထူးခြားအရေးပါပုံကို ပထမ ကြည့်ကြပါစို့။

## ထူးခြားအရေးပါမှု

ဣသရေလ၏ ပွဲတော်များစွာအနက် တစ်ခုအပါအဝင်ဖြစ်သော ပင်တေကုတ္တေပွဲကို ဘုရားသခင် ကြီးမြတ်သော ရွေးနုတ်ခြင်းဆိုင်ရာ လုပ်ဆောင်ချက်များအား သိမှတ်ဂုဏ်ပြုရန်အလို့ငှာ ဓမ္မဟောင်းထဲ ထည့်သွင်း ပြဋ္ဌာန်းထားသည်။ ဣသရေလတို့၏ သန့်ရှင်းသော ပြက္ခဒိန်ပါ နောက်ထပ် ပွဲတော်တစ်ခုဖြစ်သည့် ပသခါပွဲကျင်းပပြီးသည့်နောက် ရက်ပေါင်း ငါးဆယ်ပြည့်သည့်နေ့တွင် ပင်တေကုတ္တေပွဲ ကျင်းပသည်။

ထွက်မြောက်ရာ အခန်းကြီး ၁၂ နှင့် ဝတ်ပြုရာ အခန်းကြီး ၂၃ တို့အရ ပသခါပွဲသည် အဲဂုတ္တုမှ သူတို့ လွတ်မြောက်ခဲ့သည့်နှစ်ကို ဣသရေလတို့ ပြန်ပြောင်း သတိရခြင်းဖြစ်သည်။ သစ္စာရှိသော ဣသရေလအမျိုးသားတို့ အိမ်နေရာများကို ကျော်ပြီး အဲဂုတ္တုသားဦးများအား နောက်ဆုံးဘေးဒဏ်ဖြင့် ဘုရားသခင် ကွပ်မျက်တော်မူရာညကို သိမှတ်ဂုဏ်ပြုခြင်း ဖြစ်သည်။ ထို့ကြောင့် သူတို့အား ကျွန်ဘဝမှ ဘုရားသခင် ကယ်နုတ်ခဲ့ပြီးဖြစ်ပုံကို ပသခါပွဲကျင်းပတိုင်း ယုဒလူတို့ သတိရကြသည်။

ကျွန်ဘဝမှ ဣသရေလကို ဘုရားသခင် ရွေးနုတ်ခဲ့ကြောင်း ပသခါပွဲက သိမှတ်ဂုဏ်ပြုလျက်ရှိစဉ်မှာပင် ကတိတော်နယ်မြေတွင်းသို့ ဣသရေလကို ဆောင်သွင်းရာ၌



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင် ပေးကမ်းထောက်ပံ့ခဲ့ကြောင်းကို ပင်တေကုတ္တေပွဲက သိမှတ်ဂုဏ်ပြုသည်။ ပွဲကျင်းပရာ၌ အဆိုပါနှစ်တွင် စုသိမ်းရန် မျှော်လင့်ထားကြသည့် အသီးအနှံ ရှိသမျှအတွက် ကျေးဇူးချီးမွမ်းသည့်အနေဖြင့် ပထမဆုံး ရိတ်သိမ်းရရှိသည့် အဦးသီးသော အသီးကို ဣသရေလအမျိုးသားတို့ ပူဇော်ကြသည်။ ဓမ္မသစ်ကာလရောက်လာသည့်အခါ မောရှေအားဖြင့် ဘုရားသခင် ပညတ်တော်ချပေးခဲ့သည်ကိုလည်း ယုဒလူတို့က ပြန်ပြောင်း သတိရကြသည်။ ကျွန်ဘဝမှ ဘုရားသခင့် ရွေးနုတ်ခြင်း၊ ကတိတော်နယ်မြေ ဆောင်သွင်းခြင်းတို့ကို အဆိုပါ ပွဲတော်နှစ်ခုတို့က အတူတကွ သိမှတ်ဂုဏ်ပြုနေကြသည်။

> သို့ဖြစ်၍ ပသခါသည် မုယောစပါးပွဲတော် ခေါ် မုယောစပါးရိတ်သိမ်းမှုကို သိမှတ်ဂုဏ်ပြုရုံမက အဲဂုတ္တုကျွန်ခံကာလ နောက်ဆုံးဘေးဒဏ်တစ်ခုအတွင်း ပသခါသိုးကိုသတ်ပြီး အသွေးကိုယူကာ မိမိတို့ အိမ်တံခါးထိပ်၊ ထုပ်တန်းတို့၌ သုတ်လိမ်းထားသည့် ဣသရေလအမျိုးသား အိမ်နေရာများအပေါ် ကွပ်မျက်မည့် ကောင်းကင်တမန် ချန်လှပ်ကျော်လွန်သွားသည့် အဖြစ်ကိုလည်း သိမှတ်ဂုဏ်ပြုသည်။ ကွပ်မျက်သော ကောင်းကင်တမန် ရောက်လာချိန်တွင် သူဝင်ရောက် ကွပ်မျက်ရမည့် သားဦးနေရာတွင် အဆိုပါ အသွေးကို အစားထိုး တွေ့မြင်သွားခဲ့၍ ဖြစ်သည်။ သည်လိုဆို အဆင်ပြေသွားပြီမို့ အထဲကို သူဝင်ပြီး သားဦးကို ကွပ်မျက်ရန် မလိုတော့ပါ။ ဟုတ်ပါသည်။ ဣသရေလအမျိုးသား သားဦးတို့နေရာတွင် အစားထိုးခံခဲ့သော သိုးသငယ်သည် ကျွန်ုပ်တို့ အပြစ်များအတွက် ကိုယ်စားပူဇော်ခံသူဖြစ်လာမည့် ယေရှုကို ကြိုတင်ပုံဆောင်ထားချက်တစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ပသခါပွဲဟု ဆိုရပါသည်။ ဒုတိယပွဲတော်သည် ဧကန်စင်စစ် ပင်တေကုတ္တေပွဲ ဖြစ်ပြီး ခုနစ်သိတင်းပွဲဟုလည်း ခေါ်သည်။ ပသခါပွဲပြီးသည့်နောက် ရက်ငါးဆယ်မှာ ကျင်းပကြသည်။ မတူညီသည့် အရာနှစ်ခုကို ထိုပွဲတော်က သိမှတ်ဂုဏ်ပြုသည်။ ပထမသိမှတ်ဂုဏ်ပြုသည်မှာ မုယောစပါး ရိတ်သိမ်းပြီးနောက် ၇ သီတင်းသို့မဟုတ် ရက်ပေါင်း ငါးဆယ်အကြာမှာ ရောက်လာသည့် ဂျုံစပါး ရိတ်သိမ်းပွဲဖြစ်သည်။ သို့တစေ အဆုံးသတ်အားဖြင့် ယုဒဘာသာရေး စာပေများ ဖော်ပြချက်အရ အချိန်ကြာလာသည်နှင့်အမျှ သိနာတောင်မှာ ပညတ်တော်ချပေးခြင်းနှင့် ပင်တေကုတ္တေပွဲကို ယှဉ်တွဲလာခဲ့ကြသည်။ ထို့ကြောင့် အဲဂုတ္တုမှ လွတ်ပြီးနောက် တောကန္တာရထဲရောက်ရှိကာ သိနာတောင်ထိပ် မောရှေတက်၍ ပညတ်တော်ကို ခံယူကြောင်း ပြန်ပြောင်းသတိရကြသည်။ ယုဒအစဉ်အလာအရ ပင်တေကုတ္တေနေ့ သိမှတ်ဂုဏ်ပြုသည်မှာ ထိုအရာပင် ဖြစ်သည်။

**Dr. Matthew Ayars**



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကနဦးအသင်းတော်အတွက် ပင်တေကုတ္တေပွဲနေ့ သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းမှု ထူးခြားအရေးပါရခြင်း အကြောင်းရင်း များစွာ ရှိနေသည်။ တစ်ခုပြောပါဆိုလျှင် ပရောဖက် ယေရမိ ဟောခဲ့သော မျှော်လင့်ချက်အကြောင်း သူတို့ထံ ပြန်သတိပေးခြင်း ဖြစ်သည်။ ယေရမိ ၃၁း၃၁-၃၃ တွင် ယေရမိပြောဆိုထားသည်ကို နားထောင်ကြည့်ပါ။

> ပဋိညာဉ် တရားသစ်ကို ဣသရေလ အမျိုးသား၊ ယုဒ အမျိုးသားတို့၌ ငါပေးသော အချိန်ကာလ ရောက်လိမ့်မည်။ ..... ငါထာဝရ ဘုရားသည် ငါ၏ ပညတ်တရားကို သူတို့အတွင်းထဲသို့ သွင်းမည်။ သူတို့ နှလုံးပေါ်မှာ ရေးထားမည်။ ငါသည် သူတို့၏ ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏လူ ဖြစ်ကြလိမ့်မည် (ယေရမိ ၃၁း၃၁-၃၃)။

နှလုံးပေါ်မှာ ပညတ်တရား သွင်းပေးခြင်းသည် ဝိညာဉ်တော်က လုပ်ဆောင်ပေးရန် ဓမ္မဟောင်း ကတိပြုချက်ဖြစ်ပြီး ဓမ္မသစ်တွင် ပြည့်စုံလာသည်။

ဤဓမ္မဟောင်းနောက်ခံနှင့် အညီ ပင်တေကုတ္တေပွဲနေ့ သန့်ရှင်းသော ဝိညာဉ်တော်သွန်းလောင်းမှုသည် ထူးခြားအရေးပါသည်။ အကြောင်းမှာ ကားတိုင်ပေါ် ယေရှုအသေခံခြင်းသည် ပသခါပွဲချိန်ခါအတွင်း ပေါ်ပေါက်ခဲ့၍ ဖြစ်သည်။ နောက်ဆုံးသော ပသခါ သိုးသငယ်အဖြစ် သူ အသေခံခဲ့ပြီး အပြစ်နှင့် သေခြင်း ချည်နှောင်မှုထဲက ထာဝရ လွတ်ခြင်းကို ဘုရားလူတို့ထံ ရယူပေးခဲ့သည်။ ထို့ပြင် ၁ကောရိန္သု ၅း၇ တွင် ရှင်ပေါလု ပြဆိုထားသည်မှာ

> ခရစ်တော်တည်းဟူသော ငါတို့၏ ပသခါ သိုးသငယ်သည် ယဇ်ပူဇော်ရာ ဖြစ်၏ (၁ကော ၅း၇) ဟူ၍ ဖြစ်သည်။

ဤအရ ပင်တေကုတ္တေပွဲနေ့တွင် ဝိညာဉ်တော်ကို သွန်းလောင်းခဲ့သည်မှာ အံ့အားသင့်စရာတော့ မဟုတ်ပါ။ ပင်တေကုတ္တေပွဲနေ့သည် ရိတ်သိမ်းပွဲ၏ ကြီးကျယ်ပုံအပေါ် မှာ အာရုံစိုက်ထားပြီး သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်လာခြင်းမှာ ထာဝရ ကယ်တင်ခြင်း ရိတ်သိမ်းမှု၏ အဦးသီးသောအသီးအနှံပင် ဖြစ်သည်။ ရဲရင့်စွာ သက်သေခံနိုင်ရန် ပြင်ဆင်ပေးသည့်အနေဖြင့် နှလုံးပေါ် ဘုရားပညတ် ရေးသွင်းမှုကို အသင်းတော်က လက်ခံရရှိခဲ့ကြောင်း ပထမဆုံး ခရစ်ယာန် ပင်တေကုတ္တေနေ့တွင် ရောက်လာသော ဝိညာဉ်တော်က ညွှန်ပြသည်။ ရောမ ၈း၂၃ ကလည်း

> ဝိညာဉ်တော် အစအဦးကို (ခရစ်ယာန်တို့) ခံရကြကြောင်း ဖော်ပြသည်။

ဝိညာဉ်တော် သွန်းလောင်းမှုအကြောင်း ရှင်လုကာဖော်ပြရာ၌ အဖြစ်အပျက်၏ ထူးခြားအရေးပါမှု ကြီးကျယ်ခမ်းနားလှပုံကို ပြရန် ပင်တေကုတ္တေပွဲနေ့နှင့် တွဲဖက်နေပုံအပေါ် အလေးပေးခဲ့သည်။ ဤအရာသည် သာမန် အဖြစ်အပျက်တစ်ခုမျှသာ မဟုတ်ပါ။ တန်ခိုးပြချက်များစွာထဲက တစ်ခုဟူ၍ပင် မခေါ်နိုင်ပါ။ ပင်တေကုတ္တေပွဲနေ့၌ သန့်ရှင်းသော ဝိညာဉ်တော်ကို ဆုလက်ဆောင်အဖြစ် ပေးခြင်းက ကြီးမြတ်သော ကယ်တင်ခြင်း ရိတ်သိမ်းပွဲကြီးနှင့်

ဘုရားသခင်၏ မေရှိယနိုင်ငံတော်ကို ထူထောင်ရန် ဘုရားလူတို့၏ အတွင်း အသစ်ပြောင်းလဲမှုတို့ကို အစပြုပေးခဲ့သည်။

ပင်တေကုတ္တေ သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းမှု ထူးခြားအရေးပါပုံအချို့ကို သိပြီး ဖြစ်၍ သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက်တော် ထင်ရှားပြရာ ဘာသာစကားပြောဆိုခြင်း ဆုကျေးဇူးအကြောင်း လေ့လာကြပါစို့။

## ဘာသာစကားများ

ပင်တေကုတ္တေနေ့၌ အသင်းတော်အပေါ် ဘုရားသခင့် ဝိညာဉ်တော်ကို သွန်းလောင်းစဉ်က အခြားသော ဘာသာစကားများအားဖြင့် တမန်တော်များနှင့် အခြားသော ယုံကြည်သူများ ဟောပြောခဲ့ကြကြောင်း တမန်တော် အခန်းကြီး ၂ တွင် ရှင်လုကာ မှတ်တမ်းတင်ထားသည်။ အကြောင်းမလှစွာပင် ဘာသာစကား ဆုကျေးဇူးအပေါ် ရှုပ်ထွေးမှု အချို့ရှိခဲ့ကြသည်။ ယနေ့ကာလ အသင်းတော်များတွင် ဘာသာစကား ဆုကျေးဇူးအပေါ် ခရစ်ယာန် ဂိုဏ်းဂဏ အမျိုးမျိုးက အမြင်အမျိုးမျိုး ကွဲကြသည်။ တမန်တော်ထဲက ဘာသာစကား ဆုကျေးဇူးသည် ပြောဆိုခြင်းထက် ကြားနာခြင်းနှင့် ဆိုင်သည့် အံ့ဖွယ်တန်ခိုးအဖြစ် ငြင်းခုံကြသည်။ ဤအမြင်အရ စိတ်အာရုံထဲ ပီတိဖြစ်မှုကြောင့် တမန်တော်တို့ထံမှ ထွက်ပေါ်သည့် အသံတို့အား အနီးအနားမှာ ကြားနာကြရသည့် တိုင်းနိုင်ငံအသီးသီးမှ ဘုရားကြည်ညိုသူ ယုဒလူများထံ မိမိတို့ ဒေသဘာသာ စကားအသီးသီးဖြင့် နားလည်အောင် ဝိညာဉ်တော်က မစပေးခဲ့ခြင်း ဖြစ်သည်။ သို့သော် လုကာဖော်ပြသည့် ရှုထောင့် အနည်းဆုံး နှစ်ခုအရ အံ့ဖွယ်အဖြစ်အပျက်သည် အမှန်တကယ် လူ့ဘာသာစကား ပြောဆိုခြင်းသာ ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ သူတို့ တခါမျှ မလေ့လာမသင်ယူဖူးသည့် လူ့ဘာသာစကားမျိုးကို ကနဦး ခရစ်ယာန်တို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။ အရေးအကြီးဆုံး ဆိုရလျှင် အခြားသော ဘာသာစကားများဖြင့် ဟောသူများ ဟောနိုင်အောင် သန့်ရှင်းသော ဝိညာဉ်တော်က မစခဲ့ကြောင်း ရှင်လုကာ အထူးတလည် ရေးသားလိုခြင်း ဖြစ်သည်။ တမန်တော် ၂း၄ ကို ဖတ်ရှုပါက

> ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်၍ ဝိညာဉ်တော်သည် ဟောပြောရသောအခွင့်ကို ပေးတော်မူသည့်အတိုင်း အမျိုးမျိုးသော ဘာသာစကားအားဖြင့် ဟောပြောကြ၏ ဟု တွေ့ရသည် (တမန် ၂း၄)။

ကြားနာသူတို့ထဲ အံ့ဖွယ်တန်ခိုးများနှင့် ပြည့်လျှမ်းအောင် သန့်ရှင်းသော ဝိညာဉ်တော်က လုပ်ဆောင်ပေးကြောင်း ရှင်လုကာ၏ ဖော်ပြချက်မရှိပါ။

ဒုတိယအားဖြင့် "ဘာသာစကား" ဆိုသည့် ဝေါဟာရသည် ဂရိနာမ် *ဂလော့ဆာ glōssa* (γλῶσσα) ကို ပြန်ဆိုချက် ဖြစ်သည်။ ဓမ္မသစ်နှင့်တကွ အခြားသော ဂရိစာပေများ၌ ပုံမှန် လူ့ဘာသာစကားမျိုးကိုသာ ဤစကားလုံးက အမြဲတစေ ရည်ညွှန်းသည်။ ဤနောက်ခံအရ ဤပြန်ဆိုချက်နှင့်ခြားနားဖွင့်ဆိုရန် ခိုင်မာတိကျသည့် အကြောင်းတရား မရှိပါ။ ထို့ကြောင့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပင်တေကုတ္တေပွဲနေ့ ဘာသာစကားပြောဆိုခြင်း အံ့ဖွယ်ဖြစ်ရပ်သည် မသင်ယူမလေ့လာဖူးသေးသော လူ့ဘာသာစကားတို့ကို ပြောဆိုနိုင်စွမ်း ရှိခဲ့သည့် သဘာဝလွန် ဖြစ်ရပ်ဖြစ်ကြောင်း ကျွန်ုပ်တို့ စိတ်ချနိုင်ကြပါသည်။

> ထို ပထမ ခရစ်ယာန် ပင်တေကုတ္တေ ဖြစ်ရပ်တွင် မြေထဲပင်လယ်ချိုင့်ဝှမ်းရှိသမျှထဲက လူများ၊ ဖြူဂိုလူများ၊ ဂလာတိနယ်အသီးသီးမှ လူများ၊ ဟေလသအရပ်ရပ်မှ လူများ ရှိခဲ့ကြပြီး ဘာသာစကား အသီးသီး ပြောဆိုသူများ ဖြစ်ကြသည်။ သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းမှုနှင့်အတူ သာမန်ထက် ထူးခြားလွန်ကဲသည့် အရာတစ်ခု ဖြစ်ပေါ်သည်။ အဲဂုတ္တုမှ ဣသရေလတို့ လွတ်မြောက်ခဲ့ပုံ ဇာတ်ကြောင်းနှင့် ယေရှု၏ ဇာတ်ကြောင်းတို့အား သူတို့နားလည်နိုင်သည့် ဘာသာစကားဖြင့် အဆိုပါ ဂါလိလဲလူတို့ ပြောပြနေသည်ကို သူတို့ စကြားကြရသည်။ ဤအကြောင်းအရာအပေါ် ငြင်းခုံမှုများရှိသော်ငြား သန့်ရှင်းသော ဝိညာဉ်တော် အခွင့်ပေးမှုအရ ဖြစ်ရသော လူ့ဘာသာစကား ဆုကျေးဇူး ဖြစ်ကြောင်း အတော်ကလေး ကျွန်ုပ်တို့ စိတ်ချနိုင်ပါသည်။ "ဟောပြောရသော အခွင့်ကို ပေးတော်မူသည့်အတိုင်း" ဟု ဆိုသည့် အရာမျိုးများ ကျွန်ုပ်တို့မှာ ရှိကြသည်။ ထို့ကြောင့် မသင်ယူမလေ့လာဖူးသေးသည့် ဘာသာစကားများအားဖြင့် သူတို့ ဟောပြောကြခြင်း ဖြစ်သည်။ ထိုအရာသည် ပင်တေကုတ္တေနေ့ပွဲနေ့၏ ဘာသာစကားဆိုင်ရာ အံ့ဖွယ်ဖြစ်ရပ်ပင် ဖြစ်တော့သည်။ ၎င်းသည် ကောင်းကင်ဘုံ ဘာသာစကား တစ်ခုခုမဟုတ်သလို ကောင်းကင်တမန် ဘာသာစကား တစ်ခုခုလည်း မဟုတ်ပါ။ ပင်တေကုတ္တေပွဲတော် ဆင်နွှဲရန် တိုင်းနိုင်ငံအသီးသီးမှ စုဝေးရောက်ရှိလာသူ အခြားလူတို့ သိနားလည်သည့် ဘာသာစကား တစ်ရပ်သာ ဖြစ်တော့သည်။
>
> **Dr. Gregory R. Perry**

သို့ဆိုပါက အဘယ်ကြောင့် ဤသီးသန့် နည်းဟန်ဖြင့် သူ့မျက်မှောက်တော်ကို သန့်ရှင်းသော ဝိညာဉ်တော် ထင်ရှားပြရပါသနည်း။ ပင်တေကုတ္တေပွဲနေ့ ဘာသာစကားများဖြင့် ဟောပြောမှု ထူးခြား အရေးပါခြင်းသည် အဘယ်အရာ ဖြစ်ပါသနည်း။ တမန်တော် ၂း၁၆-၂၁ ပါ ပေတရု ရှင်းပြချက်ကို နားထောင်ကြည့်ပါ။

> ဤအရာကား ပရောဖက် ယောလ ဟောဘူးသော အရာ ဖြစ်သတည်း။ နောင်ကာလ၌ လူမျိုးတကာတို့ အပေါ်သို့ ငါ၏ ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်။ သင်တို့၏ သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်။ အသက်ငယ်သောသူတို့သည် ဗျာဒိတ် ရူပါရုံတို့ကို

> မြင်ရကြလိမ့်မည်။ အသက်ကြီးသောသူတို့သည်လည်း နိမိတ်အိပ်မက်တို့ကို မြင်မက်ရကြလိမ့်မည်။ ထိုကာလ၌လည်း ငါ၏ အမှုကို ဆောင်ရွက်သော ယောကျာ်း မိန်းမတို့အပေါ်သို့ ငါ၏ ဝိညာဉ်တော်ကို ငါသွန်းလောင်း၍ သူတို့သည် ပရောဖက် ဉာဏ်နှင့် ဟောပြောကြရလိမ့်မည်။ … ထာဝရ ဘုရား၏ ထူးမြတ်သော နေ့ကြီး မတိုင်မီ …။ ထိုအခါ ထာဝရ ဘုရားကို ပဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ကြလိမ့်မည် (တမန် ၂း၁၆-၂၁)။

ဤကျမ်းချက်ထဲတွင် ယောလ ၂း၂၈-၃၂ ကို ကိုးကားပြီး ပင်တေကုတ္တေပွဲနေ့၌ ဘာသာစကား အံ့ဖွယ်ဖြစ်ရပ် အပါအဝင် မည်သည့် အဖြစ်အပျက် ပေါ်ပေါက်နေကြောင်း ပေတရု ရှင်းပြသည်။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ယောလ၏ စကားများကို ပေတရု အတိအကျ မဖော်ပြခဲ့ခြင်း ဖြစ်သည်။ ဟေဗြဲဓမ္မဟောင်းကျမ်းနှင့် ဂရိ ဘာသာပြန် ဆက်ပ်ကျူးအေးဂျင့် ကျမ်းများအရ ယောလကျမ်းချက်သည် "ထိုနောက်မှ လူမျိုးတကာတို့အပေါ်သို့ ငါ၏ ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်" ဟူသည်နှင့် အစပြုသည်။ သို့သော် ယောလ ၂း၁၈ အား "နောင်ကာလ၌" ဟူ၍ ပေတရုက ကိုယ်ပိုင်စကားဖြင့် ပြန်ပြောဆိုခဲ့သည်။ "ထိုနောက်မှ" ဆိုသည့် စကားလုံး အစီအစဉ်ကို "နောင်ကာလ၌" ဆိုသည်နှင့် ပေတရု အပြောင်းအလဲ လုပ်ဆောင်ခြင်းက ပင်တေကုတ္တေပွဲနေ့ အဖြစ်အပျက်ကို နောက်ဆုံးသော နောင်ကာလများ၏ တစိတ်တဒေသအဖြစ် သူယုံကြည်ကြောင်း ညွှန်ပြချက် ဖြစ်သည်။

နောင်ကာလ၌ ဝိညာဉ်တော်သွန်းလောင်းမည်ကို ပေတရု ယုံကြည်ထားကြောင်း သူကိုးကားသည့် ယောလထဲမှ အခြား ကျမ်းချက်များကလည်း ထောက်ခံနေသည်။ "ထာဝရ ဘုရား၏ ထူးမြတ်သောနေ့ကြီး မတိုင်မီ" ဝိညာဉ်တော်ကို သွန်းလောင်းမည် ဖြစ်ကြောင်းကိုလည်း ပေတရု ပြညွှန်ခဲ့သည်။

ဓမ္မဟောင်း တလျှောက် "ထာဝရ ဘုရား၏ နေ့ရက်" သည် ဘုရားသခင့် တရားစီရင်ခြင်းနှင့် ကောင်းချီးဆိုင်ရာ နေ့ရက်တစ်ရက် ဖြစ်ခဲ့သည်။ ဓမ္မဟောင်း နေရာများစွာ၌ သူ၏ ရန်မာန်ရှိသမျှကို အဆုံးသတ် လုံးလုံးအောင်နိုင်ပြီး သစ္စာစောင့်သော သူ့လူရှိသမျှအား ဘုရားသခင် ကောင်းချီးပေးမည့် နေ့ရက်ကို ရည်ညွှန်းသည်။ ထို့ကြောင့် "ထာဝရ ဘုရား၏ ထူးမြတ်သောနေ့ကြီး" နှင့် သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းမှုကို ပေတရု တွဲဖက်သည့်အခါ ရွေးနုတ်ခြင်းသမိုင်းကြောင်းအတွင်း ကြီးကျယ်သည့် အချိန်အပိုင်းအခြား တစ်ခုအဖြစ် သူဖော်ထုတ်ပြလိုရင်း ဖြစ်သည်။ နောင်ကာလ အံ့ဖွယ်နိမိတ်တစ်ခုအဖြစ် ပင်တေကုတ္တေပွဲနေ့၌ ဝိညာဉ်တော် ဆင်းသက်ခဲ့သည်။ နောင်ကာလဆိုသည်မှာ ဘုရားသခင့် နိုင်ငံတော်၏ နောက်ဆုံး အဆင့်များကို အကောင်အထည်ဖော်ရာ ဘုန်းတော်နှင့်ပြည့်စုံသော ဘုရားသခင် ကြားဝင်လုပ်ဆောင်သည့် ကာလပင် ဖြစ်တော့သည်။

> နောက်ဆုံးသောနေ့ရက်များအကြောင်းပြောသော ဓမ္မသစ်ကျမ်းပိုဒ်များစွာရှိပြီး၊ ဤကျမ်းပိုဒ်အားလုံးနီးပါးသည် နောက်ဆုံးသောကာလကို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပထမရာစုတွင်အစပြုကြောင်း ဖော်ပြသည်။ ဥပမာအားဖြင့်၊ တမန်တော် ၂:၁၇ တွင် ယောလ၏နုတ်ကပတ်တော်ကို ပေတရုပြန်လည်ဖော်ပြသောအခါ၊ “နောင်ကာလ၌ လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်” ဟုဆိုကာ၊ ပင်တေကုတ္တေပွဲနေ့တွင် ဖြစ်ပျက်နေသည့် အဖြစ်အပျက်များအကြောင်းကို ပြောနေပါသည်။ ထို့ကြောင့် တစ်ခါတစ်ရံ ယနေ့ ခရစ်ယာန်များ မေ့ထားကြသည့် အရာကို ကနဦး ခရစ်ယာန်တို့ နားလည်ခဲ့ကြသည်။ ဆိုလိုသည်မှာ နိုင်ငံတော်သည် အနာဂတ်မှာ ရောက်လာရန် ရှိနေစဉ်မှာပင် ပစ္စုပ္ပန်တွင်ပင် ရောက်လာခဲ့ပြီး ဖြစ်သည်။ အကြောင်းမှာ ကြွလာမည့် ရှင်ဘုရင်သည် ရောက်ရှိလာခဲ့ပြီး ဖြစ်ကာ အနာဂတ်သည်လည်း ပစ္စုပ္ပန် သမိုင်းကြောင်းအတွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီး ဖြစ်သောကြောင့်ပေတည်း။ အနာဂတ်ကမ္ဘာလောကတစ်ခုကို ကျွန်ုပ်တို့ မြည်းစမ်း ခံစားပြီး ဖြစ်ပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် အနာဂတ် ရှင်ပြန်ထမြောက်ခြင်းနှင့် အနာဂတ်မေရှိယ၊ အနာဂတ်ရှင်ဘုရင်တို့ကို မျှော်လင့်နေရုံမျှ သက်သက် မဟုတ်ဘဲ ကြွလာပြီးသော၊ သေသောသူတို့ထဲမှ ပြန်ရှင်ပြီးသော ရှင်ဘုရင်တစ်ပါးကို မျှော်လင့်နေကြ၍ ဖြစ်သည်။ ထို့ကြောင့်ကျွန်ုပ်တို့ အမြည်းအစမ်း ခံယူပြီးဖြစ်သည့် အနာဂတ် ကမ္ဘာလောကတစ်ခု၏ လူများကဲ့သို့ ကျွန်ုပ်တို့ အသက်ရှင်ကြဖို့ လိုပါသည်။ ကောင်းကင်ဘုံ မည်သည့် အသွင်ရှိမည်ကို လောကကြီး မြည်းစမ်း သိရှိနိုင်စေဖို့ အနာဂတ်နှင့် ညီထွေစွာ ဤပစ္စုပ္ပန်ကာလထဲမှာ ကျွန်ုပ်တို့ အသက်ရှင်ရန် လိုအပ်ပါသည်။

**Dr. Craig S. Keener**

သူ့နိုင်ငံတော် အစပြုစဉ်ကာလ ဘုရားသခင်သည် အစွမ်းတန်ခိုးနှင့်တကွ တမူထူးခြားစွာ အမှုဆောင်ခဲ့သည်။ သာဓကအားဖြင့် ကျွန်ုပ်တို့ အပြစ်အတွက် ခရစ်တော် အသေခံ၍ သေသောသူတို့ထဲမှ ပြန်ရှင်ပြီး ခမည်းတော် ဘုရား၏ လက်ျာဘက်သို့ တက်ကြွစိုးစံတော်မူခဲ့သည်။ ခရစ်တော်၌ တစ်စုံတစ်ဦး ယုံကြည်ဝန်ခံလာတိုင်း အဆိုပါ အဖြစ်အပျက်တို့၏ ကောင်းချီးများအား ထိုသူ၏ အသက်တာ၌ ဘုရားသခင် သက်ရောက်စေသည်။ သို့သော် ကိုယ်တော်၌ လူတစ်ဦး ပြောင်းလဲလာတိုင်း သေခြင်း၊ ရှင်ခြင်း၊ တက်ကြွခြင်းတို့ကို ခရစ်တော် လိုက်မလုပ်ပါ။ ထိုနည်းတူပင် ပင်တေကုတ္တေသည်လည်း နောင်ကာလကို ဘုရားသခင် ဆောင်ယူလာရာတွင် အသုံးပြုသည့် တစ်ကြိမ်တည်းနှင့် ထာဝရ အကျိုးသက်ရောက်စေသည့် လုပ်ဆောင်မှုကြီး တစ်ခုဖြစ်ကြောင်း ဓမ္မသစ်က သွန်သင်ထားသည်။ ဝိညာဉ်တော်ကို ထူးခြားသော နည်းဟန်များဖြင့် သွန်းလောင်းရာ အခြားသော အချိန်အခါများမှာလည်း အလားတူ မှန်ကန်ကြောင်း တမန်တော်ဝတ္ထုအတွင်း ဤသင်ခန်းစာ နောက်ပိုင်းမှာ ကျွန်ုပ်တို့ တွေ့ကြရမည် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်ယာန် အသင်းတော်၏ အဆိုပါ ကနဦးနေ့ရက်များကစ၍ သန့်ရှင်းသော ဝိညဉ်တော်၏ မျက်မှောက်တော်သည် ကျွန်ုပ်တို့ အမှုဆောင်ရာ၌ တန်ခိုးပေးရင်း အသင်းတော်အတွင်းမှာ အစေခံလျက်ရှိသည်။ ယုံကြည်သူအသက်တာတွင် သန့်ရှင်းသော ဝိညာဉ်တော် အတူရှိနေရန် ကျွန်ုပ်တို့ အမြဲ မျှော်လင့်ထားသင့်သော်လည်း ပင်တေကုတ္တေပွဲနေ့မှာမြင်ရသလို အလားတူ ပုံစံမျိုး အတိအကျ ဖြစ်လာရန်တော့ မမျှော်လင့်သင့်ပေ။ အမှန်စင်စစ် တမန်တော်ဝတ္ထုအတွင်း ဝိညာဉ်တော် အထူး သွန်းလောင်းရာ အခြားသော အချိန်အခါများမှာပင်လျှင် ဝိညာဉ်တော် ထင်ရှားပြချက်တို့သည် တထေရာတည်း မဖြစ်ကြပါ။ ပင်တေကုတ္တေပွဲနေ့က မျက်စိဖြင့် မြင်နိုင်သော မီးလျှာများ၊ လေပြင်းမုန်တိုင်းအသံနှင့်တကွ ပရောဖက်ပြုခြင်းနှင့် ဘာသာစကား ပြောဆိုခြင်း ဆိုင်ရာ သီးသန့် ထင်ရှားပြချက်တို့သည် ခရစ်ယာန်များ သာမန်အားဖြင့် တွေ့ကြုံနေကျ အတွေ့အကြုံမျိုး မဟုတ်ပါ။ နိုင်ငံတော်ကို အစပြုရာတွင် ဘုရားသခင် ပြုတော်မူသော အမှု၊ ကြီးကျယ်သော ကြားဝင် လုပ်ဆောင်တော်မူချက်တို့၏ အကျိုးရလာဒ်များသာ ဖြစ်ကြသည်။

ယခုတွင် ပင်တေကုတ္တေ၏ ထူးခြားအရေးပါမှုကို တွေ့မြင်ပြီး ပင်တေကုတ္တေနေ့ ဘာသာစကား အံ့ဖွယ်ဖြစ်ရပ်တို့ အကြောင်းကိုပါ လေ့လာပြီးသဖြင့် အဆိုပါ အဖြစ်အပျက်တို့ကြောင့် ထိုနေ့၌ ဖြစ်ပေါ်သည့် ရလာဒ်များကို ကြည့်ကြပါစို့။

## ရလဒ်များ

အသင်းတော်ကို၊ အထူးသဖြင့် တမန်တော်များကို ဘုရားဝတ်၌ မွေ့လျော်သော သက်သေခံများဖြစ်လာအောင် သန့်ရှင်းသော ဝိညာဉ်တော်ကို သွန်းလောင်းခဲ့ကြောင်း ဤသင်ခန်းစာ ရှေ့ပိုင်းမှာ ပါရှိခဲ့ပြီး ဖြစ်သည်။ ပင်တေကုတ္တေ အကျိုးရလာဒ်အဖြစ် သန့်ရှင်းသော ဝိညာဉ်တော်သည် တမန်တော်တို့အား တန်ခိုးပေးခဲ့ပြီး နိုင်ငံတော် သတင်းကောင်း ဖြန့်ကျက်မှုကို ကောင်းချီးပေးရန် ထိုတန်ခိုးကို သုံးခဲ့သည်။ သာဓကအားဖြင့် တမန်တော် ပေတရုအား သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုးပေးပုံကို ကြည့်ပါ။ သန့်ရှင်းသော ဝိညာဉ်တော် မသက်ဆင်းလာမီက ရှင်ပေတရုသည် အတွေးရှင်းသူ တစ်ဦး အမြဲဖြစ်မနေခဲ့ပါ။ လုကာ ၉း၃၃ အရ အဆင်းသဏ္ဍာန်ထင်ရှားရာ တောင်ပေါ်တွင် မောရှေနှင့် ဧလိယတို့အဖို့ တဲဆောက်ပေးလိုကြောင်း ပြောသည့်အခါ "ယောင်ယမ်း၍ လျှောက်ဆို"သည့် အနေဖြင့် ဖော်ပြခံရသည်။ အပ်နှံခြင်းကို သခင်ဘုရား ခံရသော ညခင်းတွင် သုံးကြိမ်တိုင်တိုင် သူ ငြင်းခဲ့သည်။ တမန်တော်ထဲက ပေတရု၏ သာသနာအတွင်းမှာပင် သူသည် လူတတ်တစ်ဦးမဟုတ်၊ လူတို့ယုံလောက်အောင် ဟောပြောနိုင်မည်ဟု မမျှော်လင့်နိုင်သည့် လူသာမန်သာ ဖြစ်သည်ဆိုသည့်အပေါ် လုကာ အာရုံထားခဲ့သည်။ တမန်တော် ၄း၁၃ ပါ လုကာပြောစကားများကို နားထောင်ကြည့်ပါ-

> ထိုသူတို့သည် ပေတရုနှင့် ယောဟန်တို့၏ ရဲရင့်ခြင်းသတ္တိကို မြင်၍ လူတတ်မဟုတ်၊ လူသာမညသာ ဖြစ်သည်ကို သိမှတ်သဖြင့် အံ့သြ၍ နေကြ၏။ ထိုသူနှစ်ယောက်တို့သည် အထက်က ယေရှုနှင့် အတူ ရှိသည်ကို သတိရကြ၏ (တမန်တော် ၄း၁၃)။

ပေတရု၏ ပုံစံကိုကြည့်လျှင် သန့်ရှင်းသော ဝိညာဉ်တော်တန်ခိုးက သူ့ကို ပြောင်းလဲစေခဲ့သည်မှာ သံသယမရှိနိုင်ပါ။ ခရစ်ယာန်များ အမူးလွန်နေကြသည်ဟု စွပ်စွဲသူများကို ပင်တေကုတ္တေ ဒေသနာတွင် ပေတရု ငြင်းချက်ထုတ်ခဲ့သည်။ ယေရှုသည် ကြိုတင်ပရောဖက်ပြုထားသည့် မေရှိယဖြစ်ကြောင်း သူ ထုတ်ပြရာ၌ ဓမ္မဟောင်းကျမ်းကို ယုံကြည်လောက်အောင် ကိုးကား၊ ဖွင့်ဆို၊ အသုံးပြုခဲ့သည်။ သူတို့ ဆင့်ဆိုချက်များ အစစ်အမှန်ဖြစ်ကြောင်း အံ့ဖွယ်တန်ခိုးများနှင့် သက်သေထူနိုင်ရန်အတွက်လည်း ပေတရုနှင့် အခြားတမန်တော်တို့ကို သန့်ရှင်းသော ဝိညာဉ်တော်က တန်ခိုးပေးခဲ့သည်။ တမန်တော် ၂း၄၃ ကို ဖတ်ရှုပါက

> လူအပေါင်းတို့သည် ကြောက်လန့်ခြင်း ရှိသည်ဖြစ်၍ တမန်တော်တို့သည် များစွာသော နိမိတ်လက္ခဏာ၊ အံ့ဖွယ်သော အမှုတို့ကို ပြုကြ၏ ဟု တွေ့ရသည်။

ပေတရုနှင့် အခြားတမန်တော်များ သတင်းကောင်း သက်သေခံဖို့ သန့်ရှင်းသောဝိညာဉ်တော် ပေးအပ်သော တန်ခိုးတော်ကို ကြည့်လျှင် သူတို့သက်သေခံမှုကို ဘုရားသခင် ကောင်းချီးပေးခဲ့သည်မှာ အံ့သြဖွယ်မရှိပါ။ တမန်တော် ၂း၄၁ နှင့် ၄၇ တို့၌ သူတို့ သက်သေခံပုံအကြောင်း လုကာဖော်ပြချက်ကို နားထောင်ကြည့်ပါ-

> ထိုစကားကို အသင့်နှလုံးသွင်းမိသောသူတို့သည် ဗတ္တိဇံကို ခံ၍ ထိုနေ့၌ အရေအတွက်အားဖြင့် သုံးထောင်မျှလောက်သောသူတို့သည် ဝင်ကြ၏။ .... ဘုရားသခင်ကိုလည်း ချီးမွမ်း၍ လူအပေါင်းတို့ရှေ့မှာ မျက်နှာပွင့်လန်းခြင်း အခွင့်ကိုလည်း ရကြ၏ ဟု တွေ့ရသည်။

ပင်တေကုတ္တေနေ့တွင် လူသုံးထောင်ခန့် ပြောင်းလဲလာခဲ့သည်။ ဝိညာဉ်တော်တန်ခိုး မစမှုကြောင့် ဤသို့သော ပြင်ပ အရေအတွက် ကြီးပွားမှု ရရှိလာခဲ့သည်။ သို့သော် အသင်းတော် ကြီးပွားမှုသည် ပြင်ပအားဖြင့်သာ မဟုတ်ပါ။ သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုးသည် အတွင်းကြီးပွားမှုကိုပါ ဖြစ်စေခဲ့သည်။ တမန်တော် ၂း၄၂-၄၇ တွင် အသင်းတော်ကို လုကာ ဖော်ပြထားရာ

> ထိုသူများတို့သည် တမန်တော်များ၏ အဆုံးအမကို ခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကို ဖဲ့ခြင်း၊ ပဋ္ဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍ နေကြ၏။ .... မိမိတို့ ဥစ္စာ ပစ္စည်းများကို ရောင်းပြီးလျှင် လူများဆင်းရဲသည့်အတိုင်း အသီးအသီးတို့အား ဝေငှခြင်းကို ပြုကြ၏။ ထိုသူတို့သည်လည်း ဗိမ္ဗာန်တော်၌ နေ့တိုင်းအစဉ် တညီတညွတ်တည်းနေ၍ ကိုယ်အိမ်၌ မုန့်ကို ဖဲ့လျက် ကြည်ဖြူရွှင်လန်းဝမ်းမြောက်သောစိတ်နှင့် အစာအာဟာရကို သုံးဆောင်ကြ၏ ဟု တွေ့ရသည်။

ဘုရားသခင်နှင့် ယုံကြည်သူ အချင်းချင်းကို အစေခံမည့် အသက်တာများအဖြစ် မိမိတို့ကိုယ်ကို ရည်စူး ဆက်ကပ်ရင်း တမန်တော်များ၏ အဆုံးအမ၌ ကနဦးခရစ်ယာန်တို့ တည်ကြည်ကြသည်နှင့်အမျှ အသင်းတော်အတွင်းကြီးပွားမှု ဖြစ်ပေါ်ခဲ့သည်။ ပင်တေကုတ္တေပွဲနေ့ သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းမှု အကျိုးရလာဒ်များသည် ကနဦးအသင်းတော်ကာလများမှာ အံ့သြမှင်တက်ဖွယ် ကောင်းလှပြီး ထိုစဉ်မှ ယနေ့တိုင် ခရီးဆက်လျက် ရှိနေသည်။

> သမိုင်းကြောင်းကို အကြီးအကျယ် အလှည့်အပြောင်း ဖြစ်စေသည့် ဖြစ်ရပ်သည် ပင်တေကုတ္တေပွဲနေ့ပင် ဖြစ်သည်။ ဤနေရာတွင် ခရစ်ယာန် ခေတ်ကာလသည် ဝိညာဉ်တော် အထင်အရှား အမှုဆောင်သည့်ကာလ ဖြစ်ကြောင်း ပင်တေကုတ္တေက ပေးသည့် သမ္မာအချက် ရှိနေသည်။ ပင်တေကုတ္တေပွဲနေ့တွင် တမန်တော်တို့ တန်ခိုးကို ရခဲ့ပြီး ထိုတန်ခိုးသည်လည်း သတင်းကောင်း ဟောပြောရန်နှင့် ဘုရားသခင့် နိုင်ငံတော် တိုးချဲ့ဖြန့်ကျက်ရန်အတွက် သူတို့ကို မစဖို့ ဖြစ်သည်။ လူတို့ကို အတူတကွ စုဝေးစေပြီး ကမ္ဘာမြေကြီးပေါ်မှာ ဘုရားသခင့် သာသနာ အောင်မြင်ပြီးမြောက်စေဖို့လည်း ဖြစ်သည်။ သို့ဖြစ်၍ ယေဘုယျ အသင်းတော် ကာလတစ်ခုလုံးအတွက် ရောက်လာဖို့ ရှိသောအရာနှင့် စပ်လျဉ်းသော ပုံစံ (ဝါ) လမ်းညွှန်ချက်ကို ပင်တေကုတ္တေက ချမှတ်ပေးထားသည်။
>
> **Rev. Canon Alfred Sebahene, Ph.D.**

ပင်တေကုတ္တေ မတိုင်မီနှင့် ပင်တေကုတ္တေပွဲနေ့ အကြောင်း လုကာ၏ ဆွေးနွေးချက်ကို လေ့လာပြီးသည့်နောက် ပင်တေကုတ္တေ နောက်ပိုင်းကာလ သတင်းကောင်း သာသနာကို ဆက်လက် တန်ခိုးပေးမစရာ၌ သန့်ရှင်းသော ဝိညာဉ်တော် အမှုဆောင်ပုံကို ကြည့်ကြပါစို့။

## ပင်တေကုတ္တေနောက်ပိုင်းကာလ

ဝိညာဉ်တော်၏ စိတ်လှုပ်ရှားဖွယ် အမှုတော်ဆောင်မှုများကို ပင်တေကုတ္တေပွဲပြီးသည့် နောက်ပိုင်းမှာလည်း တမန်တော် ဝတ္ထုထဲ လုကာ အဖန်ဖန် ပြန်ဖော်ပြခဲ့သည်။ သာဓကဆိုရလျှင် အဖြစ်အပျက်သုံးခု စူးစိုက်စရာ ရှိသည်။ ရှမာရိနယ်ထဲက အမည်မသိမြို့မှာတစ်ခု၊ ကဲသရိမြို့မှာတစ်ခု၊ ဧဖက်မြို့မှာ တစ်ခု တို့ ဖြစ်ကြသည်။ ယေရုရှလင်မြောက်ဖက်နားက ရှမာရိပြည်မှာ ဝိညာဉ်တော် အမှုဆောင်ပုံနှင့် စကြပါစို့။

### ရှမာရိ

တမန်တော် ၈း၁၄-၁၇ မှာ လုကာက အောက်ပါ အဖြစ်အပျက်ကို အစီရင်ခံထားသည်-



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ရှမာရိ မြို့သားတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ခံယူကြပြီဟု ယေရုရှလင်မြို့ရှိ တမန်တော်တို့သည် သတင်းကြားလျှင် ပေတရုနှင့် ယောဟန်တို့ကို စေလွှတ်ကြ၏။ ထိုမြို့သူ မြို့သားတို့သည် သခင်ယေရှု၏ နာမ၌ ဗတ္တိဇံကို ခံရုံမျှသာ ရှိသဖြင့် တစုံတယောက်သောသူ အပေါ်၌ သန့်ရှင်းသော ဝိညာဉ်တော်သည် သက်ရောက်တော်မမူသေးသည် ဖြစ်၍ တမန်တော်တို့သည် ရောက်ကြလျှင် ဝိညာဉ်တော်ကို ခံရမည်အကြောင်း ထိုမြို့သူ မြို့သားတို့အဖို့ ဆုတောင်း၍ ထိုသူတို့အပေါ်၌ လက်ကို တင်သောအားဖြင့် သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ရကြ၏ (တမန် ၈း၁၄-၁၇)။

ယုဒအမျိုးမဟုတ်သူများထဲမှ ထူးခြားများပြားသော အရေအတွက်ဖြင့် လူတို့ သတင်းကောင်းခံယူကြသည့် ပထမဆုံးအကြိမ် အဖြစ် ဤဖြစ်စဉ် မှတ်တမ်းဝင်သည်။ "ယေရုရှလင်မှစ၍ ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင်" ဘုရားသခင့် နိုင်ငံတော်ကို တိုးချဲ့ရန် တမန်တော်တို့အား ယေရှု တာဝန်ကြီးပေးခဲ့ကြောင်း တမန်တော် ၁း၈အရ သင်ပြန်အမှတ်ရပါလိမ့်မည်။ ယုဒအမျိုး ယုံကြည်သူ အများအပြား သန့်ရှင်းသော ဝိညာဉ်တော်ကိုရရှိသည့် ပင်တေကုတ္တေနေ့၌ ယုဒပြည် ယေရုရှလင်မြို့သည် အစပြုရာနေရာ ဖြစ်ခဲ့သည်။ သို့သော် ရှမာရိလူတို့မှာမူ ယုဒတပိုင်း၊ တပါးမျိုးတပိုင်း သွေးနှောသူများ ဖြစ်ကြသည်။ ဘုရားသခင်ကို ကိုးကွယ်ရာ၌ ဓမ္မဟောင်းကျမ်းကို လိုက်နာခြင်းလည်း မရှိကြပေ။ ထို့ကြောင့် ရှမာရိသို့ သတင်းကောင်း ရောက်လာသည့်အဆင့်သည် တမန်တော်များသို့ ယေရှုအပ်နှင်းသော တာဝန် အကောင်အထည်ဖော်မှု အဆင့်သစ် တစ်ခု၊ အဓိကကျသော နောက်ခြေလှမ်းတစ်ခုကို ကိုယ်စားပြုသည်။ ၎င်းသည် လူမျိုးရေးဆိုင်ရာ နယ်နိမိတ်ကို ကျော်ဖြတ်သော သတင်းကောင်း၏ အရေးပါသည့် ပထမဆုံး တိုးချဲ့ဖြန့်ကျက်မှုပင် ဖြစ်သည်။

ယနေ့လိုပင် တမန်တော်ဝတ္ထုမှာလည်း ယေဘုယျအားဖြင့် လူတို့ ယုံကြည်ပြောင်းလဲလာသည်နှင့် တပြိုင်နက် ဝိညာဉ်တော် သွန်းလောင်းခံရသည်။ နောက်ကျမှ သွန်းလောင်းခံရခြင်းမျိုး မရှိပေ။ သို့သော် ဤ ရှမာရိ ကိစ္စတွင် ပင်တေကုတ္တေပွဲနေ့နှင့် အလားတူ ပြောင်းလဲပြီးနောက်မှသာ ယုံကြည်သူတို့ ဝိညာဉ်တော်ကို ရကြသည်။ ထို့ကြောင့် ဤ စိတ်လှုပ်ရှားဖွယ် ဝိညာဉ်တော် သွန်းလောင်းပြပုံမှာ သီးသန့်သဘောဆောင်သည်။ သို့သော် ရှမာရိလူတို့အပေါ် အဘယ်ကြောင့် ဤပုံစံဖြင့် ဝိညာဉ်တော် သက်ရောက်ရပါသနည်း။

မိမိ၏ ဆုကျေးဇူးများကို မသွန်းလောင်းမီ တမန်တော်များကို ဝိညာဉ်တော်က စောင့်ဆိုင်းခဲ့သည်။ တမန်တော်များ၏ လမ်းပြပဲ့ကိုင်မှုနှင့် အတည်ပြုချက်အောက်မှာပဲ နိုင်ငံတော် ရှေ့ခရီး အဓိကမှန်သမျှကို လုပ်သွားရမည့်အကြောင်း ဤသမိုင်းနောက်ခံအတွင်း ဝိညာဉ်တော်က ထင်ရှားပြခဲ့သည်။ အဆိုပါ သဘောအယူအဆ မှန်ကြောင်းကို နတ်စား ရှိမုန်အကြောင်း အကျယ်တဝင့် ရေးသားချက်၏ အလယ်တွင် ဤဇာတ်လမ်းကို လုကာ ထည့်သွင်းထားခြင်း အချက်က အတည်ပြုပေးသည်။ ရှိမုန်သည် တမန်တော်တစ်ဦး မဟုတ်ပါ။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်သာ သွန်းလောင်းပိုင်သည့် တန်ခိုးကို ငွေဖြင့် ဝယ်လိုခဲ့သည်။ တမန်တော်များ၏



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တောင်းလျှောက်မှုကို တုန့်ပြန်သောအားဖြင့်သာလျှင် ဝိညာဉ်တော် ဆုကျေးဇူးသွန်းလောင်းစေခြင်းဖြင့် ထိုသူတို့နှင့် ပခုံးချင်းယှဉ်ရာရောက်သူ ရှိသမျှကို သန့်ရှင်းသော ဝိညာဉ်တော်က ရှုတ်ချခဲ့သည်။

တမန်တော်များကို ငံ့လင့်နေရခြင်းသည် ဒုတိယမြောက် လုပ်ငန်းတာဝန်တစ်ခုကိုလည်း ပြီးမြောက်စေသည်။ အတိအကျဆိုရလျှင် ရှမာရိလူတို့ကို အသင်းတော်ထဲ ပါဝင်စေရမည် ဖြစ်ကြောင်း တမန်တော်များနှင့် အသင်းတော်များသို့ ၎င်းက သက်သေခံခြင်းလည်းဖြစ်သည်။ ရှမာရိလူတို့အပေါ် မိမိသွန်းလောင်းမှုကို တမန်တော်တို့အား မျက်မြင်တွေ့စေခြင်းဖြင့် ဘုရားသခင့် အိမ်တော်သား မိသားစုတစ်စုတည်း၌ ညီအစ်ကို မောင်နှမ အင်္ဂါချင်း အဖြစ် သူတို့အား လက်ခံခြင်းကို မည်သူမျှ တားဆီးခွင့် မရှိကြောင်း သန့်ရှင်းသော ဝိညာဉ်တော်က သေချာစေခဲ့သည်။

> ရှမာရိ ယုံကြည်သူများ ပြောင်းလဲစဉ်ကာလ သန့်ရှင်းသော ဝိညာဉ်တော် ကောင်းချီးပေးခြင်း၊ သွန်းလောင်းခြင်းတို့သည် ယုံကြည်ပြောင်းလဲသည်နှင့် ဝိညာဉ်တော်သွန်းလောင်းခြင်း ခံယူဖို့ မျှော်လင့်ထားရမည် ဆိုသည်နှင့် ခြားနားကွဲလွဲရုံမက နောက်ခံ အဆက်အစပ် ကင်းမဲ့နေပုံ ရသည်။ မေးခွန်းရှိနေသည်မှာ ဝိညာဉ်တော် ဆင်းသက်ရန် တမန်တော်တို့၏ လက်တင်ခြင်း အဘယ်ကြောင့် လိုအပ်ရသနည်း ဟူ၍ ဖြစ်သည်။ ထိုအရာကို တလွဲအနက်မပြန်မိဖို့ ကျွန်ုပ်တို့ ဂရုစိုက်ရပါမည်။ တမန်တော်များ လက်တင်ကာမှ ဝိညာဉ်တော် သွန်းလောင်းခြင်းသည် အရာ နှစ်ပါးကို လုပ်ဆောင်ပေးသည်။ ပထမ တစ်ခုမှာ တမန်တော်တို့သည် သခင့် သာသနာကို ဆက်လုပ်ဖို့ ယေရှုတိုက်ရိုက် ခန့်အပ်ထားသော ကိုယ်စားလှယ်များ၊ သံတမန်များ ဖြစ်သည့်အလျောက် အထူးပုဂ္ဂိုလ်များ ဖြစ်ကြသည်ဆိုသည့် အချက်အရ တမန်တော်တို့၏ လုပ်ငန်း ကဏ္ဍ၊ အခွင့်အာဏာ မှန်ကန်ကြောင်း ၎င်းက သက်သေထူသည်။ ဒုတိယတစ်ခုမှာ ယုဒလူတို့ မဆက်ဆံကြသော အဆိုပါ ရှမာရိလူတို့အပေါ် ဝိညာဉ်တော် ဆင်းသက်ကြောင်း သက်သေခံခွင့်ကို ထိုသူတို့အား ၎င်းက ပေးအပ်သည်။ ယုဒလူတို့နှင့် ရှမာရိလူတို့အကြား အချင်းချင်း ပေါင်းဖော် ဆက်ဆံမှု မရှိကြပေ။ ရေတွင်း၌ ရှမာရိမိန်းမအား ယေရှု အစေခံသည်ကို မြင်သော တပည့်တော်တို့က ရှမာရိမိန်းမနှင့် ယေရှု စကားဆိုမှုအပေါ် အံ့ဩတုန်လှုပ်ကြသည်။ ထိုသူတို့ ဝိညာဉ်တော်ကို ရရှိခြင်းသည် "ပြောင်းလဲလာသော ယုဒတို့အပေါ် ပင်တေကုတ္တေနေ့၌ ဝိညာဉ်တော် မူလကနဦး ဆင်းသက်သကဲ့သို့" ဖြစ်သည်ကို အခိုင်အမာပြဖို့ ရှင်လုကာ ဂရုစိုက်ခဲ့သည်။ ထို့ကြောင့် သတင်းကောင်းသည် ကမ္ဘာတလွှား၊ မတူခြားနားသော လူမျိုးအသီးသီး၊ တိုင်းရင်းသား လူမျိုးနွယ် အသီးသီး၊ တိုင်းနိုင်ငံအသီးသီး၊ ဘာသာစကားအမျိုးမျိုး ပြောသူအသီးသီးတို့ထံ ရောက်ရှိရန် ဖြစ်သည်သာမက ဝိညာဉ်တော်ကို ထိုသူတို့ လက်ခံကြရန်၊ ဒုတိယတန်းစား နိုင်ငံသားမျိုး မရှိရလေအောင် ယုဒလူမျိုးနှင့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> နိုင်ငံတော်သစ်အတွင်း တန်းတူညီမျှကြရန်လည်း ဖြစ်သည်။ ဤအချက်ကို တမန်တော်များက သက်သေခံရန် အရေးကြီးသည်။ အကြောင်းမှာ "ဟုတ်တယ်၊ သူတို့က ကျွန်ုပ်တို့နဲ့ အတူတူပဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့လိုပဲ ဝိညာဉ်တော်ကို သူတို့ ရရှိခဲ့ကြပါတယ်" ဆိုသည့်အချက် မှန်ကန်ကြောင်း သူတို့သက်သေခံခြင်း ဖြစ်သည်။ ကိုယ်ခန္ဓာတစ်ခုတည်း၊ ခရစ်တော်၌ ပုဂ္ဂိုလ် အတန်းအစား တစ်ရပ်တည်းသာ ရှိသည်။ ခရစ်ယာန်တစ်ဦး ဆိုသည်မှာ ထိုအရာပင် ဖြစ်တော့သည်။ ၎င်းသည် ယုဒအမျိုးလည်းမဟုတ်၊ တပါးအမျိုးလည်း မဟုတ်ပါ။ ယောက်ျား လည်းမရှိ၊ မိန်းမလည်း မရှိ၊ ကျွန်လည်းမရှိ၊ လူလွတ်လည်း မရှိပါ။ သို့သော် ကျွန်ုပ်တို့ အားလုံး ခရစ်တော်၌ တစ်လုံးတစ်ဝတည်း ဖြစ်ကြသည်။
>
> **Dr. John Norwood**

ပင်တေကုတ္တေနောက်ပိုင်းကာလ ရှမာရိပြည်မှာ ဝိညာဉ်တော် လုပ်ဆောင်ပုံကို လေ့လာပြီးသည့်နောက် ကဲသရိ၌ လုပ်ဆောင်ပုံကို ကြည့်ကြပါစို့။

## ကဲသရိမြို့

ရှမာရိမြို့ဖြစ်စဉ်လိုပင် ကဲသရိမြို့ဖြစ်စဉ်သည်လည်း နောက်ထပ် လူမျိုးစု နယ်နိမိတ်စည်းကို ပထမဆုံးအကြိမ် သတင်းကောင်း ဖြတ်ကျော် ရွေ့လျားမှု အမှတ်အသား ဖြစ်ခဲ့သည်။ ဤဖြစ်စဉ်တွင် အရေအတွက်အားဖြင့် ထူးခြားအရေးပါလောက်အောင် ခရစ်တော်ထံ တပါးအမျိုးသားများစွာ ပထမဆုံး အကြိမ် ပြောင်းလဲခဲ့ကြသည်။

တမန်တော် ပေတရုထံ သခင်ဘုရားက ရူပါရုံပေးပြီး မသန့်ရှင်းသော တိရစ္ဆာန်များကို သတ်စားရန် သူ့အား ကိုယ်တော် စေခိုင်းမှုနှင့် ဤအခန်းကို အစပြုသည်။ ဤအချိန်မတိုင်မီကလေး၌ ယုဒပညတ်အရ မသန့်ရှင်းဟု သတ်မှတ်ထားသော မည်သည့် တိရစ္ဆာန်ကိုမျှ မစားနိုင်ပါဟု ပေတရု ငြင်းဆန်ခဲ့ပြီး ဖြစ်သည်။ သို့သော် တမန်တော် ၁၀:၁၅ အရ "ဘုရားသခင် စင်ကြယ်စေတော်မူသောအရာကို ညစ်ညူးသည် မထင်နှင့်" ဟု ဆိုထားသည်။ မတိုင်မီ တရက်က ရောမ လူတစ်ရာအုပ် တပ်မှူး ကော်နေလိသည်လည်း ရူပါရုံတစ်ခု မြင်ခဲ့ရသည်။ သူ့လူတစ်စုကို ရှိမုန်ပေတရု ရှိရာ ယုပ္ပေမြို့သို့စေလွှတ်၍ ကဲသရိမြို့မှာ တမန်တော်နှင့် သူ တွေ့ဆုံရေး ပြန်ခေါ်ပင့်လာဖို့ သူ့ထံ ကောင်းကင်တပါး ထင်ရှားကာ ညွှန်ကြားချက် ပေးခဲ့သည်။ ကော်နေလိ အိမ်သူအိမ်သားတို့ထံ ပေတရု သတင်းကောင်း ဟောပြောစဉ် ဖြစ်ပျက်ပုံတို့ကို တမန်တော် ၁၀:၄၄-၄၇ မှာ မှတ်တမ်းတင်ထားသည်။

> ထိုစကားကို မြွက်ဆိုစဉ် နှုတ်ကပတ်တရားတော်ကို ကြားနာရသောသူအပေါင်းတို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် သည်


ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သက်ရောက်တော်မူ၏။ တပါးအမျိုးသားတို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော်၏ ကျေးဇူးကို သွန်းလောင်းသောကြောင့် အရေဖျား လှီးခြင်းကို ခံသောသူတည်းဟူသော ပေတရုနှင့် ပါသမျှသောတပည့်တော်တို့သည် မိန်းမောတွေဝေခြင်း ရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် အမျိုးမျိုးသော ဘာသာစကားအားဖြင့်ပြော၍ ဘုရားသခင်ကို ချီးမွမ်းသည်ကို ကြားကြလေ၏။ ထိုအခါ ပေတရုက "ငါတို့ကဲ့သို့ သန့်ရှင်းသော ဝိညာဉ်တော်ကို ခံရသော ဤသူတို့ကို ဗတ္တိဇံကို မပေးစေခြင်းငှာ အဘယ်သူသည် ရေကို မြစ်တားနိုင်သနည်း" ဟု ဆိုလျက် (တမန် ၁၀း၄၄-၄၇)။

တဖန် ထပ်မံ၍ ပင်တေကုတ္တေနှင့် အံ့သြဖွယ်ရာ တူညီချက်တစ်ခုကို တွေ့ရပြန်သည်။ ကဲသရိမြို့က ယုံကြည်သူများသည် "ငါတို့ကဲ့သို့ သန့်ရှင်းသော ဝိညာဉ်တော်ကို ခံရသည်" ဟုပင် မှတ်ချက်ပေးခဲ့သည်။ ပင်တေကုတ္တေပွဲနေ့ ဝိညာဉ်တော် သွန်းလောင်းမှုကို သူ ရည်ညွှန်းခြင်း ဖြစ်နိုင်သည်။

ဓမ္မဟောင်းကျမ်းအရ တပါးအမျိုးသားတို့သည် ဣသရေလတို့နှင့် ဘုရားသခင် သီးသန့် ဖွဲ့တော်မူသော ပဋိညာဉ်၌ အပါအဝင် မဟုတ်ကြပေ။ ပုံမှန်အားဖြင့် ဘာသာရေး ကိုင်းရှိုင်းသော ယုဒလူတို့သည် ယုဒဘာသာ မဝင်သော တပါးအမျိုးတို့ထံမှ မိမိတို့ကိုယ်မိမိတို့ သီးသန့်ခွဲကာ နေထိုင်ကြသည်။ ထို့ကြောင့် ယုဒဘာသာဝင် တစ်ဦးအဖြစ်သို့ ပထမဆုံး အပြည့်အဝ မရောက်လာသေးဘဲ ခရစ်တော်ထံ တပါးအမျိုးသားတို့ ပြောင်းလဲလာကြသည့်အခါ ကနဦးအသင်းတော်အဖို့ အံ့သြမင်တက်စရာ ဖြစ်ခဲ့ရသည်။ အကျိုးဆက်အားဖြင့် ဘုရားသခင်သည် နောက်ဆုံးတွင် တပါးအမျိုးသားများထံ တံခါးဖွင့်ခဲ့ပြီးဖြစ်ကြောင်း ထင်ရှားဖော်ပြရန်အတွက် ကော်နေလိနှင့် အိမ်သူအိမ်သားများအပေါ်သို့ အံ့အားသင့်ဖွယ်ပုံစံဖြင့်သန့်ရှင်းသော ဝိညာဉ်တော်ကို သွန်းလောင်းခဲ့ခြင်း ဖြစ်သည်။ တပါးအမျိုးသားတို့ ပြောင်းလဲလာမှုအပေါ် အသင်းတော်၏ တုန့်ပြန်မှုကို တမန်တော် ၁၁း၁၅-၁၈ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

> (ပေတရုက) "ငါသည် ဟောပြောစပြုစဉ် သန့်ရှင်းသော ဝိညာဉ်တော်သည် ရှေးဦးစွာ ငါတို့အပေါ်သို့ သက်ရောက်တော်မူသည့်နည်းတူ ထိုသူတို့ အပေါ်သို့လည်း သက်ရောက်တော်မူ၏" .... ဤအကြောင်းအရာတို့ကို ထိုသူတို့သည် ကြားရလျှင် မငြင်းဘဲနေ၍ အကယ်စင်စစ် ဘုရားသခင်သည် အသက်ရှင်စေခြင်း အလို့ငှာ နောင်တတရားကို တပါးအမျိုးသားတို့အားလည်း ပေးတော်မူပြီဟု ဘုရားသခင့် ဂုဏ်တော်ကို ချီးမွမ်းကြ၏ (တမန်တော် ၁၁း၁၅-၁၈)။

တပါးအမျိုးသားတို့အပေါ် ပင်တေကုတ္တေပွဲနေ့ပုံစံနှင့် အလားတူ ဆင်းသက်သောအားဖြင့် သူတို့၏ ပြောင်းလဲခြင်းသည် အစစ်အမှန်ဖြစ်ကြောင်း၊ တပါးအမျိုးသားများအားဖြင့် သူ့နိုင်ငံတော်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တည်ဆောက်ရေး အစီအစဉ် အစပြုခဲ့ပြီ ဖြစ်ကြောင်း သန့်ရှင်းသော ဝိညာဉ်တော်က ထင်ရှားပြသခဲ့သည်။

ယခုတွင် ပင်တေကုတ္တေနောက်ပိုင်းကာလ ရှမာရိပြည်နှင့် ကဲသရိမြို့များ၌ ဝိညာဉ်တော် လုပ်ဆောင်မှုအကြောင်း ကျွန်ုပ်တို့ လေ့လာပြီး ဖြစ်၍ ဧဖက်မြို့ဖြစ်စဉ်ထံ လှည့်ကြပါစို့။

## ဧဖက်မြို့

တမန်တော် ၁၉း၁-၆ တွင် အောက်ပါဖြစ်စဉ်ကို လုကာ

> ပေါလုသည် .... ဧဖက်မြို့သို့ ရောက်လာ၏။ ထိုမြို့တွင် တပည့်တော် အချို့ကို တွေ့လေ၏။ သင်တို့သည် ယုံကြည်သည်နောက် သန့်ရှင်းသော ဝိညာဉ်တော်ကို ခံကြပြီလောဟု မေးသည်ရှိသော် "သန့်ရှင်းသော ဝိညာဉ်တော် သက်ရောက်သည်ကို အကျွန်ုပ်တို့ မသိပါ" ဟု ပြောဆိုကြ၏။ ပေါလုကလည်း "သို့ဖြစ်လျှင် သင်တို့သည် အဘယ်မည်သော ဗတ္တိဇံကို ခံကြသနည်း" ဟု မေးလျှင် "ယောဟန်၏ ဗတ္တိဇံကို ခံပါသည်" ဟု ပြောဆိုကြ၏။ ပေါလုကလည်း "ယောဟန်က ငါ့နောက် ကြွလာသောသူကို ယုံကြည်ရမည်ဟု လူများတို့အား ပြောဆိုလျက် နောင်တနှင့် စပ်ဆိုင်သော ဗတ္တိဇံကို ပေး၏။ ထိုသို့ဆိုရာ၌ ယေရှုခရစ်ကို ဆိုလိုသည်" ဟူသော စကားကို ကြားလျှင် ထိုသူတို့သည် သခင်ယေရှု၏ နာမ၌ ဗတ္တိဇံကို ခံကြ၏။ ပေါလုသည်လည်း ထိုသူတို့အပေါ်၌ လက်ကိုတင်လျှင် သန့်ရှင်းသော ဝိညာဉ်တော်သည် ဆင်းသက်တော်မူသဖြင့် ထိုသူတို့သည် အမျိုးမျိုးသော ဘာသာစကားကို ပြော၍ ပရောဖက်ပြုကြ၏ (တမန် ၁၉း၁-၆)။

ပင်တေကုတ္တေပွဲနေ့ဖြစ်စဉ်လို ထူးခြားအရေးပါသည့် တူညီ ဖြစ်စဉ်ကို တဖန် ကျွန်ုပ်တို့ တွေ့ရပြန်သည်။ ယေရှုနာမ၌ ဗတ္တိဇံကို ထိုသူတို့ ခံယူကြပြီးသည့်နောက် သန့်ရှင်းသော ဝိညာဉ်တော်သည် အဆိုပါလူတို့အပေါ် ဆင်းသက်ပြီး ထိုသူတို့သည်လည်း ဘာသာစကား အမျိုးမျိုးကို ပြော၍ ပရောဖက်ပြုကြသည်။

ဤကျမ်းပိုဒ်ထဲတွင် ယုဒပြည်၊ ရှမာရိပြည်တို့မှ ဝေးလံပြီး အရေးပါလှသည့် ဧဖက်မြို့ကြီး၌ စိတ်လှုပ်ရှားဖွယ်ရာ သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းပုံကို လုကာဖော်ပြထားသည်။ ယေရုရှလင်မှစ၍ ယုဒပြည်၊ ရှမာရိပြည်၊ တပါးအမျိုးသားနေရာများတိုင်အောင် ဝိညာဉ်တော်၏ သာသနာ ကျယ်ပြောသွားပုံကို လုကာ ဇစ်မြစ် လိုက်ခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ဤနေရာတွင် တမူထူးခြားနေသည့်အချက်မှာ သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိသူတို့သည် ဗတ္တိဇံ ဆရာ ယောဟန်၏ တပည့်များ ဖြစ်နေခြင်း ဖြစ်သည်။ ခန့်မှန်းကြည့်ရလျှင် ကာလရှည်ကြာ စောင့်မျှော်နေခဲ့ရသည့် မေရှိယသည် ယေရှုဖြစ်ကြောင်း ဗတ္တိဇံ ဆရာယောဟန် မဖွင့်ပြသေးခင် အတောအတွင်း ယောဟန်၏ သက်သေခံချက်ကို နောင်တ၌ ယုံကြည်လက်ခံခဲ့သည့် ယုဒလူများ ဖြစ်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအဖြစ်အပျက်ကို လုကာ မီးမောင်းထိုးပြရခြင်းမှာ တမန်တော် ဝတ္ထုအစတွင် လုကာ အလေးပေး ဖော်ပြခဲ့သည့် ဗတ္တဇံဆရာ ယောဟန်နှင့် ယေရှုတို့အကြား မည်သို့ ဆက်နွယ်သည် ဆိုသည့်ကိစ္စကို ၎င်းက ဆုံးခန်းတိုင်စေခဲ့၍ ဖြစ်သည်။ ဗတ္တိဇံ ဆရာယောဟန်၏ အမှုတော်နှင့် မိမိအမှုတော်တို့အား တမန်တော် ၁း၅ တွင် ဤသို့ ယေရှု ခြားနားပြခဲ့ကြောင်း သင်ပြန်သတိရပါလိမ့်မည်-

> "ယောဟန်သည် ရေ၌ ဗတ္တိဇံကို ပေး၏။ သင်တို့သည် မကြာမမြင့်မီ သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံကို ခံရကြလိမ့်မည်" ဟု မိန့်တော်မူ၏။

ဖေက်မြို့မှာ ယောဟန်၏ တပည့်များအပေါ် ဝိညာဉ်တော် သွန်းလောင်းခြင်း ဇာတ်ကြောင်းက ဝိညာဉ်တော် ဆောင်သွင်းရေး ယေရှု၏ သာသနာသည် အသစ်သော အဆင့်တစ်ခုဆီ ရောက်လာခဲ့ပြီ ဖြစ်ကြောင်း ညွှန်ပြသည်။ ဝိညာဉ်တော်ကို ရရှိဖို့ ယောဟန်၏ တပည့်များပင်လျှင် ခရစ်တော်၏ တပည့်များ ဖြစ်လာဖို့ လိုအပ်လာခဲ့သည်။ ဘုရားသခင့် အလိုတော်နှင့် ညီသောအရာသည် ခရစ်တော်ကို အပြည့်အဝကြိုဆိုလက်ခံခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်တန်ခိုး၌ အသက်ရှင်ခြင်းထက် မည်သို့မျှ လျော့နည်းနိမ့်ကျသည့်အရာ မဖြစ်ရပေ။

အသင်းတော် သာသနာကို တမန်တော်များက တိုးတက်လာစေသည်နှင့်အမျှ နိုင်ငံတော် အစွန်အဖျား နယ်ပယ်များရှိ သူတို့၏ သာသနာအား သန့်ရှင်းသော ဝိညာဉ်တော်၏ စိတ်လှုပ်ရှားဖွယ် သွန်းလောင်းမှုများက အစဉ်တစိုက် အတည်ပြုပေးခဲ့ကြသည်။ ဝိညာဉ်တော်၏ တန်ခိုးအားဖြင့် ယေရုရှလင်မြို့မှသည် ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် အဆီးအတားမရှိဘဲ သတင်းကောင်း ဖြန့်ကျက် ပျံ့နှံ့သွားခဲ့သည်။ အသင်းတော်ကို ပြောင်းလဲစေပြီး သတင်းကောင်းကို ထိရောက်စွာ ဖြန့်ကျက်စေနိုင်သည့်နည်းလမ်းသည် ယနေ့ကာလမှာလည်း သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုးအားဖြင့်သာ ဖြစ်သည်။ ဘုရားဝတ်၌ မွေ့လျော်ပြီး သတင်းကောင်းကို ထိရောက်စွာ သက်သေခံသူများ ကျွန်ုပ်တို့ ဖြစ်လိုပါက ဝိညာဉ်တော်၏ တန်ခိုးတော် အပေါ် ကျွန်ုပ်တို့ကိုယ်တိုင်လည်း မှီခိုအားထားကြရမည် ဖြစ်သည်။

သန့်ရှင်းသော ဝိညာဉ်တော်၏ အခန်းကဏ္ဍကို လေ့လာပြီး ဖြစ်သောကြောင့် တမန်တော်များအကြောင်းကို ဆွေးနွေးကြပါစို့။ ကောင်းကင်သို့ ယေရှု မတက်ကြွမီ သူ့ သာသနာကို ဆက်လုပ်ဖို့ တမန်တော်များထံ ကိုယ်တော် တာဝန်ပေးခဲ့သည်။ ယေရုရှလင်မြို့မှသည် မြေကြီးစွန်းတိုင်အောင် သတင်းကောင်းအားဖြင့် သူ့နိုင်ငံတော်ကို သူတို့ တိုးချဲ့ဖြန့်ကျက်ကြရမည် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# တမန်တော်များ

တမန်တော် ၁း၈ ပါ တမန်တော်များထံ ယေရှုမှာကြားသော စကားများကို တဖန် နားထောင်ကြည့်ပါ။

> ထိုသို့ မရှိသော်လည်း သင်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကို ခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏ သက်သေ ဖြစ်ကြလိမ့်မည်" ဟု မိန့်တော်မူ၏။

ဤသင်ခန်းစာရှေ့ပိုင်းတွင် ကနဦးအသင်းတော်ကာလ သန့်ရှင်းသော ဝိညာဉ်တော်ပါဝင်ခဲ့သည့် အရေးကြီး ကဏ္ဍကို တွေ့နိုင်သည်။ သို့သော်လည်း တမန်တော်တို့၏ ကဏ္ဍမှာမူ အဘယ်သို့နည်း။ ဤနေရာတွင် ယေရှုဆိုထားသလို ကမ္ဘာတလွှား ကိုယ်တော်၏ သက်သေခံများ ဖြစ်လာရေးအတွက် တမန်တော်တို့အား သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးခဲ့သည်။

ကနဦး အသင်းတော် ကာလ၊ ဆိုးဆိုးရွားရွား အန္တရာယ်ရှိနိုင်သည့် အခြေအနေများ၌ သတင်းကောင်း သက်သေခံသူတို့အား "မာတုရများ" (ဝါ) "သက်သေခံများ" ဟု လူသိများလာကြသည်။ အဆိုးရွားဆုံး အခြေအနေများ၌ သက်သေခံများ ညှင်းပန်း နှိပ်စက်ခံကြရသည်။ သို့မဟုတ် ခရစ်တော်ကို သက်သေခံခြင်းကြောင့် အသတ်ပင်ခံကြရသည်။ အမှန်စင်စစ် တမန်တော် အများစု ဤနည်းနှင်နှင် သေဆုံးခဲ့ရကြောင်း အသင်းတော် အစဉ်အလာ ရှိထားသည်။ ကနဦး အသင်းတော်အကြောင်း သူရေးသားရာ၌ ဆန့်ကျင်မှုများအတွင်း ခရစ်တော်အကြောင်း သက်သေခံမှု အာဘော်သည် လုကာအဖို့ ပေါ်ပေါ်ထင်ထင် အာရုံစိုက်စရာ တစ်ခု ဖြစ်ခဲ့သည်။ ခရစ်တော်အတွက် ရဲရင့်ပြီး ထိရောက်သည့် သက်သေခံကို ဤရှုထောင့်မှ ဖွင့်ဆိုပါလျှင် တမန်တော်များထက် သာလွန်သူ မည်သူမျှ မရှိပါ။

ခရစ်တော်၏ သက်သေခံများ အဖြစ် တမန်တော်များ ထမ်းဆောင်သည့်ကဏ္ဍပေါ် ရှုမြင်ကြသည့် ရှုထောင့် သုံးမျိုးအပေါ် စူးစိုက်ကြပါစို့။ ပထမအားဖြင့် သူတို့၏ သက်သေခံချက်သည် အများနှင့်မတူ၊ ထူးခြားကြောင်း မှတ်သားကြပါမည်။ ဒုတိယအားဖြင့် ၎င်းသည် အခွင့်အာဏာ ရှိကြောင်း ရှုမှတ်ကြပါမည်။ ထို့နောက် တတိယအားဖြင့် ဝမ်းမြောက်ဖွယ်သတင်းစကားကို တင်ဆက်ရာ နည်းလမ်းကွဲအမျိုးမျိုး သူတို့အစုံအလင်သုံးခဲ့ကြပုံကို လေ့လာကြပါမည်။ တမန်တော် အရိုက်အရာခန့်အပ်ခြင်းဆိုင်ရာ မတူထူးခြားသည့် အရည်အချင်းသတ်မှတ်ချက်များနှင့် စကြပါစို့။

## မတူထူးခြားမှု

> ကျွန်ုပ်တို့အတွက် တမန်တော် ဝတ္ထုက ခင်းကျင်းပြထားသည့် လက္ခဏာတစ်ခုမှာ အမှန်အားဖြင့် တမန်တော် အရိုက်အရာ ခန့်အပ်မှု၏ မတူထူးခြားမှုပင်

> ဖြစ်သည်။ သူတို့သည် ရှင်ပြန်ထမြောက်သော ခရစ်တော်ကို မျက်မြင်ကိုယ်တွေ့ ဖူးရသူများ ဖြစ်ကြသည်။ အသင်းတော် သမိုင်း၌ မတူထူးခြားသော လုပ်ငန်းတာဝန် လုပ်ဆောင်ရန် ခရစ်တော်၏ အထင်အရှား ခန့်အပ်တာဝန်ပေးခံရသူများ ဖြစ်ကြသည်။ ထိုလုပ်ငန်းသည် နောက်တကြိမ် ထပ်ကျော့စရာမရှိသော အလုပ်မျိုးဖြစ်သည်။ အမှန်အားဖြင့် တမန်တော်တို့၏ လုပ်ငန်းတာဝန်ကို စဉ်းစားလျှင် သူတို့ကိုပေးသော အရာနှင့် သူတို့ထမ်းဆောင်ခဲ့သည့် အရိုက်အရာတို့မှာ ဧဖက် ဒြဝါဒစာထဲ ပရောဖက်နှင့် တမန်တော်တို့၏ ထူးခြားမှုအကြောင်း ပေါလုသွန်သင်ထားသည်နှင့် တထပ်တည်းဖြစ်ကြောင်း ကျွန်ုပ်တို့ သတိထားကြသည်။ ထို့နောက် ကျွန်ုပ်တို့မှာ သင်းအုပ်ဆရာများနှင့် ဆရာများလည်း ရှိကြသည်။ သို့ဖြစ်သောကြောင့် သင်းအုပ်ဆရာများနှင့် ဆရာများ၊ သာသနာပြုများ ရှိသည့် ခေတ်ကာလမှာ ကျွန်ုပ်တို့ အသက်ရှင်နေကြသည်။ ဟုတ်ပါသည်။ သို့သော်ငြားလည်း သူတို့သည် တမန်တော်များနှင့် တတန်းတစားတည်း မဟုတ်ကြပါ။

**Dr. David B. Garner**

တမန်တော်အရိုက်အရာ ထူးခြားမှုရှိနေရခြင်း အကြောင်းနှစ်ချက် ရှိသည်။ ပထမအားဖြင့် တမန်တော်အဖြစ် ခေါ်ယူခံရခြင်း အရည်အချင်း သတ်မှတ်ချက်ကြောင့် အခြားမည်သူမျှ သူတို့၏ အရိုက်အရာမျိုး မရနိုင်ပါ။ ဒုတိယအားဖြင့် အသင်းတော် အုတ်မြစ်ချစဉ်ကာလမှာ သူတို့ အမှုဆောင်ခဲ့ကြခြင်း ဖြစ်သည်။ မူလတမန်တော်များအတွက် အရည်အချင်း သတ်မှတ်ချက်များကို ကြည့်ကြပါစို့။

## အရည်အချင်း သတ်မှတ်ချက်များ

တမန်တော် ၁၂ ပါးထဲကယုဒ ဣရှကာရုတ်ဟု အမည်ရသူ တစ်ဦး သည် သခင်ဘုရားကို ကားတိုင်တင်သူများထံ အပ်ခဲ့ကြောင်း ကျွန်ုပ်တို့ အားလုံးသိကြသည်။ နောက်ပိုင်းတွင် ယုဒ မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့သဖြင့် တမန်တော် ၁၁ ပါးသာ ကျန်ရစ်သည်။ ထို့နောက် ကောင်းကင်သို့ ယေရှုတက်ကြွသွားပြီးနောက်ပိုင်း တမန်တော် ၁၁ ပါးအတွက် ပထမ ဦးစားပေး တစ်ခုသည် ယုဒနေရာကို အစားထိုးမည့် ၁၂ ယောက်မြောက် တမန်တော် ရွေးချယ်ရေး ဖြစ်ခဲ့သည်။ တမန်တော် ၁း၂၁-၂၆ အတွင်း တမန်တော်သစ်အတွက် အရည်အချင်းသတ်မှတ်ချက်များအား ယခုလို ပေတရု ဖော်ပြခဲ့သည်။

> "ယောဟန်သည် ဗတ္တိဇံကို ပေးသည့်ကာလမှစ၍ သခင်ယေရှုသည် ငါတို့နှင့်ခွာ၍ အထက်သို့ဆောင်ယူခြင်းကို ခံတော်မူသည့် နေ့ရက်တိုင်အောင်

> တပည့်တော်တို့နှင့်အတူ ထွက်ဝင်သွားလာတော်မူသော ကာလပတ်လုံး ငါတို့နှင့် ပေါင်းဘော်၍ နေသောသူတစုံတယောက်သည် ထိုသခင်ထမြောက်တော်မူသည့်အကြောင်းကို ဟောပြော၍ ငါတို့နှင့်အတူ သက်သေခံဖြစ်ရမည်" ဗာရှဗဟုခေါ်ဝေါ်၍ ယုတ္တုအမည်သစ်ကို ရသော ယောသပ်နှင့် မသိကို ခန့်ထား၍ ဤသို့ဆုတောင်းကြ၏။ လူအပေါင်းတို့၏ စိတ်နှလုံးကိုသိတော်မူသော သခင်ဘုရား၊ ယုဒရှကာရုတ်သည် မိမိနေရာအရပ်သို့ သွားအံ့သောငှာ ဓမ္မဆရာ၏ အရာ၊ တမန်တော်၏ အရာမှ ရွေ့လျော့ဖောက်ပြန်သည် ဖြစ်၍ .... ဆုတောင်းပြီးမှ စာရေးတံချသဖြင့် မသိသည် စာရေးတံကိုရ၍ ..... (တမန် ၁း၂၁-၂၆)။

အဆိုပါ ကျမ်းချက်တို့သည် တမန်တော် အရိုက်အရာ ခန့်အပ်ရေး ပြဌာန်းချက် အရည်အချင်းများဖြစ်ပြီး ယင်းတို့အားလုံးသည် ကျမ်းစာထဲ တမန်တော်စာရင်း ဝင်သူအားလုံး၏ တမူထူးခြားသည့် စံနှုန်းဖြစ်သည်။ ပထမအားဖြင့် သူတို့သည် ယေရှုထံမှ တိုက်ရိုက်သွန်သင်ခံခဲ့ပြီး ဖြစ်ရန်လိုအပ်သည်။ ဒုတိယအားဖြင့် ရှင်ပြန်ထမြောက်သောယေရှုကို မြင်တွေ့ခဲ့ပြီး ဖြစ်ရန်လိုအပ်သည်။ တတိယအားဖြင့် ဘုရားသခင်ကိုယ်တော်တိုင် တမန်တော်အရိုက်အရာမှ ခန့်အပ်ခံရပြီးသူများ ဖြစ်ရန် လိုအပ်သည်။ တမန်တော် ၁၁ ပါးတို့သည် ယေရှုလူ့ဇာတိ ခံယူ အမှုဆောင်စဉ်အတွင်း ကိုယ်တော်၏ သွန်သင်ခံယူခဲ့ကြပြီး ကိုယ်တော်ထမြောက်သည့်နောက် မြင်တွေ့ခဲ့ကြကာ ယေရှုကိုယ်တိုင်က ခန့်အပ်ပေးသူများလည်း ဖြစ်ကြသောကြောင့် အဆိုပါ အရည်အချင်းများနှင့် ကိုက်ညီကြသည်။

အဆိုပါ သတ်မှတ်ချက်များနှင့် မသိလည်း ကိုက်ညီသည်။ အကြောင်းမှာ သခင်ဘုရား လူ့ဇာတိခံယူ အမှုဆောင်စဉ်အတွင်း ကိုယ်တော်၏ သွန်သင်မှုကို ခံယူခဲ့ရပြီး ကိုယ်တော်ထမြောက်သည်ကို တွေ့မြင်ကာ ဘုရားသခင်၏ စာရေးတံချတိုက်ရိုက်ရွေးချယ်မှုကိုလည်း ခံရ၍ ဖြစ်သည်။ မသိ ပြီးသည့်နောက် မူလအခွင့်အာဏာရှိ တမန်တော် အရိုက်အရာတွင် ခန့်အပ်ခံရသည့် အခြားသော တမန်တော်မှာ ကျမ်းစာအရ တစ်ပါးတည်းသာ ရှိသည်။ ကောင်းကင်သို့ ယေရှုတက်ကြွပြီးသည့်နောက် တမန်တော်တစ်ဦး အဖြစ် ပေါလုကို ရွေးကောက်ခဲ့သည်။ ထို့ကြောင့် အသင်းတော်သည် အစပထမတွင် သူ့ခန့်အပ်မှုကို မယုံသင်္ကာဖြစ်ခဲ့သည်။ သို့သော် အရည်အချင်းသတ်မှတ်ချက်များနှင့် သူအမှန်တကယ် ကိုက်ညီခဲ့ကြောင်း ကျမ်းစာက သွန်သင်ထားသည်။

တမန်တော် ၉း၃-၆ ထဲတွင် ရှင်လုကာ မှတ်တမ်းတင်ခဲ့သလို ဒမသက်မြို့သွားရာလမ်းတွင် ရှင်ပြန်ထမြောက်သော ယေရှုကို ပေါလု မျက်မြင်တွေ့ခဲ့သည်။ နောက်ပိုင်း ဂလာတိ ၁း၁၁-၁၈ အတွင်း သူပြောင်းလဲပြီးနောက် ထမြောက်သော ယေရှုထံမှ တိုက်ရိုက်သွန်သင်မှု ခံယူရရှိခဲ့ကြောင်း ပေါလု ရှင်းပြခဲ့သည်။ တမန်တော် ၉း၁၅ နှင့် ၂၂း၁၂-၁၆ တို့တွင်လည်း ဘုရားသခင် ကိုယ်တိုင် သူ့အား တမန်တော် အရာတွင် ခန့်ထားကြောင်း ကျွန်ုပ်တို့ လေ့လာရသည်။ အမှန်အားဖြင့် တမန်တော် ၉၊ ၂၂ နှင့် ၂၆ တို့တွင် စစ်မှန်သော တမန်တော်ဖြစ်ကြောင်း သူ့အဆိုကို အတည်ပြုရန် ပေါလုခန့်အပ်ခံရပုံကို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သုံးကြိမ်တိုင် လုကာ ပြန်ပြောပြခဲ့သည်။ သူ့အရည်အချင်းသတ်မှတ်ချက်တို့သည် ပုံမှန်ထက်ထူးခြားသလို ရှိကြောင်း ပေါလုကိုယ်တိုင် ဝန်ခံခဲ့သည်။ အကြောင်းမှာ ယေရှုကောင်းကင် မတက်ကြွပြီးမချင်း သူ မပြောင်းလဲသေး၍ ဖြစ်သည်။ ၁ကော ၁၅း၈-၉ တွင် သူ့ တမန်တော် အရိုက်အရာခန့်အပ်ခံရပုံ ထူးခြားပြီး သီးသန့်ဖြစ်ပုံကို သူဖော်ပြရာ၌ ရှင်ပေါလုက

> နောက်ဆုံး၌ အချိန်မတော်မတန် ဖွားသောသူကဲ့သို့ ဖြစ်သော ငါပင် မြင်ရ၏။ ငါသည် အညံ့ဆုံးသော တမန်တော် ဖြစ်၏ (၁ကောရိန္သု ၁၅း၈-၉) ဟု ဆိုထားသည်။

အဆိုပါ အရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုကြောင့် တမူထူးခြားနေကြရသည်သာမက သူတို့အစေခံခဲ့ကြချိန်မှာ အသင်းတော် အုတ်မြစ်တည်ချိန် ဖြစ်၍လည်း တမန်တော်တို့ တမူထူးခြားနေကြရသည်။

## အုတ်မြစ်တည်ချိန်

ဤအထူး အခါသမယတွင် သူ့အသင်းတော်ကို တည်ဆောက်ရန် တမန်တော်များကို ယေရှုခန့်အပ် တာဝန်ပေးခဲ့သည်။ အသင်းတော်၏ အုတ်မြစ်များသဖွယ် တမန်တော်တို့ အသုံးခံခဲ့ကြကြောင်း ဖော်ပြချက်များစွာကို လုကာ မှတ်သားခဲ့သည်။ ယေရုရှလင်နှင့် ရှမာရိမှသည် မြေကြီးစွန်းတိုင်အောင် သတင်းကောင်း သယ်ဆောင်သွားသော အဓိက သက်သေခံများမှာ တမန်တော်များ ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ သူတို့၏ ဧဝံဂေလိ သာသနာအားဖြင့် ပထမဆုံး ခရစ်ယာန်ယုံကြည်ခြင်းသို့ ပြောင်းလဲလာသူတို့မှာ ယုဒဘာသာဝင်များ၊ ကိုးကွယ်မှု မှားယွင်း ပျက်ပြားနေကြသည့် ရှမာရိလူများနှင့် သာသနာပ တပါးအမျိုးသားများထဲက ဖြစ်ကြသည်။ ထိုသူတို့ ခေါင်းဆောင်သောအားဖြင့် သမိုင်းကြောင်း၌ ပထမဆုံး ခရစ်ယာန်အသင်းတော်များကို စိုက်ပျိုးခဲ့ကြပြီး အသင်းတော်မှန်သမျှ လိုက်နာရမည့် ပုံစံများကိုလည်း ထို အသင်းတော်များက ချမှတ်ပေးခဲ့သည်။ ဧဖက် ၂း၁၉-၂၀ တွင် တမန်တော်များ၏ တမူထူးခြားပြီး အုတ်မြစ်ချပေးသော ကဏ္ဍပိုင်းအား ပေါလုက အကျဉ်းချုပ်ပေးခဲ့ပုံမှာ

> တမန်တော်တို့မှ စ၍ ပရောဖက်များတည်း ဟူသော တိုက်မြစ်အပေါ်၌ သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျက် ရှိကြ၏။ ထိုတိုက်ထောင့် အမြစ်ကျောက်ကား ယေရှုခရစ် ဖြစ်သတည်း (ဧဖက် ၂း၁၉-၂၀) ဟူ၍ ဖြစ်သည်။

မည်သည့်အခါမျှ နောက်ထပ် တိုက်ထောင့် အမြစ်ကျောက်၊ နောက်ထပ် ယေရှုမျိုး မရှိနိုင်တော့ပါ။ ထိုနည်းတူစွာ နောက်ထပ် အုတ်မြစ်၊ အုတ်မြစ်ဆောက်သူအဖြစ် အသုံးခံသည့် နောက်ထပ် တမန်တော်နှင့် ပရောဖက် အစုံမျိုးလည်း မည်သည့်အခါမျှ မရှိနိုင်တော့ပါ။

အကြောင်းမလှစွာပင် ကျွန်ုပ်တို့ ယနေ့ကာလ၌ အခွင့်အာဏာနှင့် ထိုသို့ အမှုဆောင်နေသူ တမန်တော်များ သူတို့အထဲမှာ ရှိနေကြောင်း ကြွေးကြော်သည့် အသင်းတော်များ ရှိနေဆဲဖြစ်သည်။

သို့တစေ သူတို့၏ တမူထူးခြားသော အရိုက်အရာ အရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများမှာ မူလတမန်တော်များသာဖြစ်ကြောင်း လုကာက ရှင်းလင်းစွာ ပြဆိုထားသည်။ နောက်တကြိမ် မည်သည့်အခါမျှ ပြန်မကျော့နိုင်တော့သည့် အသင်းတော် အုတ်မြစ်ချရာ တမူထူးခြားသည့် အချိန်မှာ သူတို့ အစေခံခဲ့ကြခြင်းလည်း ဖြစ်သည်။ ဓမ္မသစ်စာများထဲ စုဆောင်းထားသည့် တမန်တော်များ၏ သက်သေခံချက် ကျွန်ုပ်တို့မှာ ရှိနေဆဲဖြစ်သည်။ သို့သော် ထိုသို့သော တမန်တော်အတန်းအစားမျိုး ယနေ့ အသင်းတော်မှာ ရှိဖို့ မမျှော်မှန်းသင့်ပါ။

တမန်တော်တို့က ခရစ်တော်ကို တမူထူးခြားသည့်နည်းဖြင့် သက်သေခံခဲ့ကြောင်း တွေ့ရပြီးဖြစ်၍ သူတို့သက်သေခံချက်၏ အခွင့်အာဏာရှိမှု သဘောသဘာဝကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။

# အခွင့်အာဏာရှိမှု

တမန်တော် ဝတ္ထုတလျှောက် တမန်တော်တို့၏ အခွင့်အာဏာကို ပုံစံအမျိုးမျိုးဖြင့် တွေ့မြင်ရသည်။ သို့သော် ရိုးရှင်းအောင် လေးခုမျှလောက်ကိုသာ စူးစိုက်ကြပါမည်။ ပထမအားဖြင့် သူတို့၏ တမန်တော် အရိုက်အရာအရ လုပ်ငန်းဆောင်ရွက်မှု၌ အခွင့်အာဏာကို တွေ့နိုင်သည်။ ဒုတိယအားဖြင့် သူတို့၏ အမှုတော်အပေါ် ဘုရားသခင့် ကောင်းချီးမင်္ဂလာ သက်ရောက်မှု၌ တွေ့ရသည်။ တတိယအားဖြင့် အံ့ဖွယ်နိမိတ်လက္ခဏာ ပြနိုင်သည့် သူတို့၏ တန်ခိုး၌ ထင်ရှားသည်။ စတုတ္ထအားဖြင့် သူတို့ဆက်လက်ခံယူရရှိသည့် ဖွင့်လှစ်ဖော်ပြချက်တို့၌ ပေါ်လွင်သည်။ သူတို့၏ အရိုက်အရာ၌ လုပ်ငန်းဆောင်ရွက်ပုံက ထင်ရှားပြသသည့် အခွင့်အာဏာကို ဦးစွာ ကြည့်ကြပါစို့။

## လုပ်ငန်းဆောင်ရွက်ပုံ

> တမန်တော် ဝတ္ထုကို ဖတ်သည့်အခါ တမန်တော်တို့အကြောင်း ကျွန်ုပ်တို့ ဖတ်ရသမျှအများစုသည် ကျွန်ုပ်တို့အား အကြံကောင်း ဉာဏ်ကောင်းပေးရုံမျှသာ မဟုတ်ကြောင်း နားလည်ဖို့ အရေးကြီးပါသည်။ အသင်းတော်အတွက် အခြေခံကျသော အုတ်မြစ်ကို သူတို့ ချပေးနေခြင်း ဖြစ်ပါသည်။ ခရစ်တော် ရှင်ပြန်ချိန်နှင့် ကောင်းကင်တက်ကြွချိန် ဖြစ်ပျက်ခဲ့သည်တို့ အပါအဝင် သတင်းကောင်းကို ကြေညာရန် သူတို့အား ခရစ်တော် ရွေးကောက် တာဝန်ပေးအပ်ခဲ့သည်။ သို့ဖြစ်၍ တမန်တော် ဝတ္ထုကို ကျွန်ုပ်တို့ ဖတ်သည့်အခါ လာမည့် မျိုးဆက်များအတွက် အသင်းတော်၏ အခြေခံ အုတ်မြစ်ချပေးနေသော တမန်တော်တို့ အကြောင်းကို ကျွန်ုပ်တို့ ဖတ်နေကြခြင်း ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့၏ အခြေခံအုတ်မြစ်မှာ တမန်တော် ဝတ္ထုထဲ ကျွန်ုပ်တို့ ဖတ်ရသည့် တမန်တော်များ ဖြစ်နေဆဲပင် ဖြစ်သည်။ တိုက်ထောင့်အမြစ်ကျောက်ဖြစ်သော ခရစ်တော် ကိုယ်တိုင်နှင့်အတူ

> တမန်တော်များနှင့် ပရောဖက်များ ချထားသည့် အုတ်မြစ်အပေါ်မှာ အသင်းတော်ကို တည်ဆောက်နေကြောင်း ပြောပြသည့် ဖေက် အခန်းကြီး ၂ ထဲတွင် ဤအကြောင်းကို ပေါလု ပြောဆိုထားသည်။

**Dr. Brandon D. Crowe**

တမန်တော် သို့မဟုတ် ဂရိလို *အပိုစတိုလို့စ်* ဆိုသည့် ဝေါဟာရသည် အခြေခံအားဖြင့် "စေလွှတ်ခြင်းခံရသောသူ" ဟု အဓိပ္ပာယ်ရသည်။ တမန်များ၊ လုပ်ငန်းတာဝန်တစ်ခုကို ကိုယ်စားဆောင်ရွက်ရန် စေလွှတ်ခြင်း ခံရသော ကိုယ်စားလှယ်များ၊ မိမိကို စေလွှတ်သောသူတို့ကိုယ်စား စကားပြောဆိုရန် အခွင့်အာဏာအပ်နှင်းခံရသည့် သံတမန်များ စသည်တို့ကို ရည်ညွှန်းရာ၌ သာမန်အားဖြင့် ၎င်းကို သုံးစွဲသည်။ သာဓကအားဖြင့် ရှင်လုကာ ၁၀ ထဲ၌ တပည့်တော်အစုံ ခုနစ်ဆယ်တို့ကို ဘုရားသခင့် နိုင်ငံတော်သတင်း ဆင့်ဆိုဖို့ ယေရှုခန့်အပ်စေလွှတ်သည့်အခါ သူတို့သည် အချိန်ကာလ တစ်ခုအတွက် ခရစ်တော်၏ အခွင့်အာဏာ တစိတ်တဒေသကို ဆောင်ယူသော ယာယီခန့်အပ်ခံ သံတမန်များသာ ဖြစ်ခဲ့ကြသည်။ လုကာ ၁၀း၁၆ တွင် သာသနာပြုများအား အောက်ပါအတိုင်းမှာကြား ခန့်အပ်ခဲ့သည်-

> သင်တို့၏ စကားကို နားထောင်သောသူသည် ငါ့စကားကိုနားထောင်၏။ သင်တို့ကို ပယ်သောသူသည် ငါ့ကို ပယ်၏။ ငါ့ကို ပယ်သောသူသည် ငါ့ကို စေလွှတ်တော်မူသောသူကို ပယ်သည်ဟု မိန့်တော်မူ၏ (လုကာ ၁၀း၁၆)။

ဤနေရာတွင် သာသနာပြုများအား ခရစ်တော်ကိုယ်စားအဖြစ် ပြုမူဆက်ဆံရန် ဖြစ်ကြောင်း တွေ့နိုင်သည်။ သာသနာပြုများကို လက်ခံသောသူတို့အား ခရစ်တော်ကို လက်ခံသူများအဖြစ် မှတ်ယူပြီး ခရစ်တော်ကို လက်ခံသူများအားလည်း ကိုယ်တော်ကို စေလွှတ်သောသူ၊ ခမည်းတော်ကို လက်ခံသူအဖြစ် မှတ်ယူသည်။

ထို့မျှမက လုကာ ၁၀း၁၇-၁၉ ၌ သာသနာပြုများ ပြန်လာသည့်အခါ ပြောသည့်စကားများကို နားထောင်ကြည့်ပါ-

> တပည့်တော်အစုံ ခုနစ်ဆယ်တို့သည် ဝမ်းမြောက်သောစိတ်နှင့် ပြန်လာ၍ "သခင်၊ ကိုယ်တော်၏ နာမအားဖြင့် အကျွန်ုပ်တို့သည် နတ်ဆိုးကိုပင် နိုင်ပါသည်" ဟု လျှောက်ကြ၏" ယေရှုကလည်း "စာတန်သည် လျှပ်စစ်ကဲ့သို့ ကောင်းကင်မှ ကျသည်ကို ငါမြင်ပြီ။ သင်တို့သည် မြွေ၊ ကင်းမြီးကောက်တို့ကို နိုင်ရသော အခွင့်နှင့် ရန်သူများကို နိုင်ရသော အခွင့်တန်ခိုးကို ငါပေး၏။ သင်တို့ကို အဘယ်ဘေးမျှ မညှဉ်းဆဲရ" (လုကာ ၁၀း၁၇-၁၉)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထိုသူတို့အား ကိုယ်တော်၏ သာသနာပြုများအဖြစ် ခန့်အပ်သည့်အခါ အတွဲ ခုနစ်ဆယ်တို့ထံ သူ့အခွင့်အာဏာ တစိတ်တဒေသ လွှဲပြောင်းပေးခဲ့သည်။ ထို့ကြောင့် ကိုယ်တော်ကို သူတို့ ကိုယ်စားပြုချက်သည် သင်္ကေတလက္ခဏာ သဘောသက်သက် မဟုတ်ပါ။ ထိုအစား သူတို့သည် ကိုယ်တော်၏ အခွင့်အာဏာကို ဆောင်ယူသော ကိုယ်စားလှယ်များ ဖြစ်ကြသည်။ သူတို့သည် မမှားမယွင်းနိုင်သော ဆရာများ မဟုတ်ကြပါ။ သို့သော် နတ်ဆိုးများကို နှင်ထုတ်နိုင်သော၊ နိုင်ငံတော် ရောက်ရှိလာမှုကို ဆင့်ဆိုနိုင်သော အခွင့်အာဏာမျိုး သူတို့မှာ ရှိနေသည်။

ထိုနည်းတူပင် မူလတမန်တော်တို့သည်လည်း အခွင့်အာဏာလွှဲအပ်ခံရသော သံတမန်များ ဖြစ်ကြသည်။ သို့သော် တမန်တော် ဝတ္ထုအရ ခရစ်တော်ကို သူတို့ ကိုယ်စားပြုချက်သည် အတွဲ ခုနစ်ဆယ်နှင့် ကွဲပြားကြောင်း ထူးခြားအရေးပါသည့် ရှုမြင်ချက် နှစ်ခုအရ ဆိုနိုင်သည်။ ပထမအားဖြင့် တမန်တော်များအား သတင်းကောင်း ဖြန့်ကျက်ရေး သာသနာအတွက် ခန့်အပ်တာဝန်ပေးရုံမက အသင်းတော် အရိုက်အရာအတွက်ပါ အမြဲတန်း ခန့်အပ်ထားကြောင်း ရှင်လုကာဇာတ်ကြောင်းများက ရှင်းပြထားသည်။ တမန်တော်ဝတ္ထုအရ တမန်တော်များအား အခြားသော ပုဂ္ဂိုလ်များ၊ ခန့်အပ်မှုများအားဖြင့် အစားထိုး ထားသည် မဟုတ်ပါ။ သူတို့သည် ယာယီအခိုက်အတန့်မျှသာမဟုတ်ဘဲ ခရစ်တော်၏ အမြဲတမ်း လွှဲအပ်ခံရသော ကိုယ်စားလှယ်များအဖြစ် အခွင့်အာဏာရှိသူများ ဖြစ်ကြသည်။ ဒုတိယအားဖြင့် ခရစ်တော်၏ အသင်းတော် ထူထောင်ရေး၊ စီမံအုပ်ချုပ်ရေးတို့နှင့် ဆက်နွယ်သော ကိစ္စရပ်မှန်သမျှ၌ ပြောရေးဆိုခွင့် အာဏာရှိသူများလည်း ဖြစ်ကြသည်။ တမန်တော် အခန်းကြီး ၁၅ ပါ ယေရုရှလင် ကောင်စီ မှတ်တမ်းအရ အသင်းတော်သည် ယေဘုယျအားဖြင့် တမန်တော်များ၏ စကားကို နားထောင်ရသည်။ ဘုရားသခင့် အလိုတော်အဖြစ် တမန်တော်များ သတ်မှတ်ပေးသမျှ ဆုံးဖြတ်ချက်တိုင်းကို ခံယူကြရသည်။ ၂ပေ ၃း၂ ၌ တမန်တော် အခွင့်အာဏာ အကြောင်း ပေတရု ဖော်ပြပုံကို နားထောင်ကြည့်ပါ-

> တမန်တော်ဖြစ်သော ငါတို့၏ ပညတ်ကိုရင်း၊ သင်တို့သည်
> အောက်မေ့စေခြင်းငှာ .." (၂ပေ ၃း၂)။

အသင်းတော်သည် တမန်တော်တို့၏ စကားကို နားထောင်ရမည်ဖြစ်ကြောင်း၊ အကြောင်းမှာ ယေရှု၏ အလိုတော်နှင့် သွန်သင်ချက်တို့ကို သစ္စာရှိစွာ စောင့်ရှောက်သည့် ဘဏ္ဍာစိုးများအဖြစ် အသုံးခံကြ၍ ဖြစ်ကြောင်း ပေတရုက ဤနေရာတွင် ညွှန်ပြထားသည်။

တမန်တော်တို့၏ အခွင့်အာဏာနှင့် ယှဉ်သော လုပ်ငန်းဆောင်တာများကို ဖော်ပြပြီးသည့်နောက် သတင်းကောင်းဖြန့်ကျက်ခြင်းအားဖြင့် သူတို့၏ မတူထူးခြားသော သီးသန့် အမှုတော်ထံ ဘုရားသခင် ပေးကမ်းသည့် ကောင်းချီးမင်္ဂလာများကို လေ့လာကြပါစို့။

## ကောင်းချီးမင်္ဂလာများ

တမန်တော် ဝတ္ထုထဲတွင် သတင်းကောင်းကို တမန်တော်များ ဟောသည့်အခါတိုင်းလိုလို ပြောင်းလဲသူများ ပေါ်ထွန်းစေခြင်းဖြင့် သူတို့အား ဘုရားသခင် ကောင်းချီးပေးခဲ့သည်။ ပင်တေကုတ္တေပွဲနေ့တွင် ပေတရု ဒေသနာ ဟောပြောခြင်းအားဖြင့် အသင်းတော်ကို သင်းဝင်သူ အရေအတွက် ၁၂၀ မှ ၃၀၀၀ အထိ ကျယ်ပြန့်စေခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ ယုဒပြည် မှ ရှမာရိပြည်၊ မြေကြီးစွန်းတိုင် သတင်းကောင်း ဖြန့်ကျက်သည်နှင့်အမျှ ဤသို့သော ကောင်းချီးမျိုးကလည်း ဆက်လက်ရောက်ရှိနေသည်။

ဤသို့သော အသင်းတော် ပြင်ပ၊ အရေအတွက်ပိုင်း တိုးပွားမှုတို့သည် ဘုရားသခင့် ဝန်ခံမှုနှင့် တန်ခိုးတော်ကို ပြသော သက်သေဖြစ်ကြောင်း သူ့ပရိသတ်ကို သွန်သင်ဖို့ လုကာ ဂရုပြုခဲ့သည်။ သူပြုသည့် နည်းလမ်းတစ်ခုမှာ အများလေးစားသော ဂါမလျေလဖာရိရှဲဆရာကြီး၏ စကားများကို ကိုးကားခြင်း ဖြစ်သည်။ တမန်တော် ၅း၃၈-၃၉ တွင် တမန်တော်များအကြောင်းကို လွှတ်တော်ရှေ့၌ အောက်ပါအတိုင်း ဂါမလျေလ ပြောဆိုခဲ့သည်-

> ယခုလည်း ဤသူတို့ကို ရှောင်ရှား၍ အလိုအလျောက် ရှိကြပါစေဟု ငါဆို၏။ ဤအကြံ ဤအမှုသည် လူ၏ အကြံ လူ၏ အမှုဖြစ်လျှင် ပျက်ဆီးခြင်းသို့ ရောက်လိမ့်မည်။ ဘုရားသခင်၏ အကြံအမှုဖြစ်လျှင် သင်တို့သည် မဖျက်ဆီးနိုင်ကြ။ သင်တို့သည် ဘုရားသခင်၏ အာဏာတော်ကို လွန်ဆန်သောသူ မဖြစ်မည်အကြောင်း သတိပြုကြလော့ (တမန်တော် ၅း၃၈-၃၉)။

ဤအမြင်မှ ဆိုလျှင် သူတို့၏ အမှုတော်ကို သန့်ရှင်းသော ဝိညာဉ်တော်က တန်ခိုးပေးပြီး မှန်ကန်ကြောင်း သက်သေထူခြင်းသည် တမန်တော် ဝတ္ထုတလျှောက် တမန်တော်တို့၏ သတင်းကောင်း သာသနာ၌ ကောင်းချီးမင်္ဂလာဖြစ်ခဲ့ကြောင်း အထောက်အထားပင် ဖြစ်သည်။

သူတို့၏ အမှုဆောင်ပုံနှင့် သူတို့၏ သတင်းကောင်း သာသနာအပေါ် ဘုရားသခင် ချပေးသည့် ကောင်းချီးမင်္ဂလာများအပြင် သူတို့အမှုတော်နှင့် အတူပါရှိနေသည့် တန်ခိုးနိမိတ်လက္ခဏာများကလည်း တမန်တော်တို့ အခွင့်အာဏာရှိပုံကို ပြသသည်။

## တန်ခိုးနိမိတ်လက္ခဏာများ

သမ္မာကျမ်းတလျှောက် တန်ခိုးနိမိတ်လက္ခဏာတို့၏ အဓိကလုပ်ငန်းစဉ်မှာ သမ္မာတရားကို ဘုရားသခင့် တမန်တော်များ ပြောဆိုကြောင်း၊ ဘုရားသခင် လွှဲအပ်သော အခွင့်အာဏာကို ဆောင်ယူကြောင်း သက်သေထူရန် ဖြစ်သည်။ ဖာရောမင်းရှေ့တွင် စစ်မှန်သော ဘုရားကို ကိုယ်စားပြုပြောဆိုကြောင်း သက်သေထူရန် တန်ခိုး နိမိတ်လက္ခဏာများစွာ မောရှေ ပြုခဲ့သည်ကို ထွက်မြောက်ရာကျမ်းမှာ တွေ့ရသည်။ သူတို့၏ ပရောဖက်ပြုချက်များနှင့် သွန်သင်ချက်တို့သည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင့် အထံတော်မှ ဖြစ်ကြောင်း အတည်ပြုပေးသည့် တန်ခိုးနိမိတ်လက္ခဏာများကို ဧလိယနှင့် ဧလိရှဲတို့ ပြခဲ့ကြကြောင်း ဓမ္မရာဇဝင် တတိယနှင့် စတုတ္ထ စောင်တို့မှာ တွေ့ရသည်။ ယေရှုသည် မိမိလူတို့ကို အပြစ်မှ ကယ်ချွတ်ရန်နှင့် အုပ်စိုးရန် စေလွှတ်ခံရသည့် ခရစ်တော် ဖြစ်ကြောင်း၊ ဘုရားသခင့် ဘိသိက်ခံရသော အစေခံကျွန်၊ ပရောဖက်ဖြစ်ကြောင်း သက်သေထူရန်အတွက် နိမိတ်လက္ခဏာများစွာကို ပြတော်မူခဲ့သည်။

များစွာ အလားတူပင် ခရစ်တော်အကြောင်း သူတို့ သက်သေခံချက်များ မှန်ကန်ကြောင်း တမန်တော်ဝတ္ထုထဲက တမန်တော်တို့၏ တန်ခိုးနိမိတ်လက္ခဏာတို့က သက်သေထူခဲ့ကြသည်။ တမန်တော် ၅း၁၆ တွင် ဖျားနာသူတို့ကို တမန်တော်များ အနာငြိမ်းစေခဲ့သည်။ ၉း၄၀ တွင် သေသောသူကို သူတို့ ပြန်ရှင်စေခဲ့သည်။ ၁၂း၁၀ တွင် အကျဉ်းထောင်အတွင်းမှ သူတို့ လွတ်မြောက်ခဲ့သည်။ ၁၃း၁၁ တွင် ဆိုးညစ်သူကို သူတို့ ဒဏ်ခတ်ခဲ့သည်။ ၁၄း၁၀ တွင် လက်ခြေသေသူကို ပကတိ ပြန်ဖြစ်စေခဲ့သည်။ ၂၇း၄၄ တွင် သင်္ဘောပျက်သည့်ဘေးမှ သူတို့လွတ်ခဲ့ပြီး ၂၈း၃ တွင် မြွေဆိုးကိုက်ခံရသော်လည်း အန္တရာယ်ကင်းခဲ့သည်။ အမှန်စင်စစ် သူတို့၏ တန်ခိုးအစွမ်းသည် ကြီးမားလွန်းရကား ပေတရု၏ အရိပ်လွှမ်းမိုးခံရသည့် ရောဂါသည်များပင်လျှင် အနာငြိမ်းကြရကြောင်း တမန် ၅း၁၅ မှာ တွေ့နိုင်သည်။ တမန် ၁၉း၁၁ နှင့် ၁၂ တို့အရ ဆိုလျှင် ပေါလုသုံးသော အဝတ်တန်ဆာများကပင်လျှင် နတ်ဆိုးတို့ကို နှင်ထုတ်ကာ အနာများကို ငြိမ်းစေခဲ့သည်။ ဤမျှလောက် စွမ်းလှသော တန်ခိုးလက္ခဏာတို့သည် ဘုရားသခင်ထံကသာ လာနိုင်သည် ဖြစ်သောကြောင့် တမန်တော်များသည် ကိုယ်တော် အခွင့်အာဏာ အပ်နှင်းသော သက်သေခံ အစစ်အမှန်များ ဖြစ်ကြောင်း ယင်းတို့က သက်သေထူနေကြသည်။ ထိုအကြောင်းကြောင့်ပင် ၂ ကော ၁၂း၁၂ တွင် သူပြသော နိမိတ်လက္ခဏာများအား ယခုလို ပေါလု ရှင်းပြခဲ့သည်-

> အကယ်စင်စစ် သည်းခံခြင်းနှင့်တကွ နိမိတ်လက္ခဏာ အံ့ဖွယ်သောအမှု၊ ထူးဆန်းသောတန်ခိုးများ အားဖြင့် တမန်တော်၏လက္ခဏာတို့ကို သင်တို့တွင် ထင်ရှားစွာပြပြီ (၂ ကောရိန္သု ၁၂:၁၂-၁၂)။

သန့်ရှင်းသော ဝိညာဉ်တော်တန်ခိုးကြောင့် ဖြစ်ရသော အံ့ဖွယ်တန်ခိုးနိမိတ်တို့သည် တမန်တော်ဖြစ်ကြောင်း အမှတ်လက္ခဏာများ ဖြစ်ကြပြီး ခရစ်တော်နှင့် သူ့သာသနာကို အစစ်အမှန် သက်သေခံကြောင်း အထောက်အထားလည်း ဖြစ်သည်။ ထပ်၍ ဆိုရလျှင် သူတို့၏ အံ့ဖွယ်တန်ခိုးနိမိတ်တို့သည် သူတို့ထံမှ မဟုတ်ဘဲ ခရစ်တော်ထံမှလာသည့် အနေဖြင့်သာ အဓိပ္ပာယ်ဖော်ကြဖို့ လူတို့အား တမန်တော်တို့က တောင်းဆိုခဲ့သည်။ တမန်တော် ၃း၁၆ တွင် ပေတရုက "ထိုသခင်ကြောင့် ရသော ယုံကြည်ခြင်းသည် သင်တို့မျက်မှောက်တွင် ဤသူ၌ စေ့စုံခြင်းအခွင့်ကို ပေး၍ ရှိလေပြီ' ဟု ဆိုခဲ့သည်။ ခရစ်တော်ကို ညွှန်ပြရန် ဝိညာဉ်တော်၏ တန်ခိုးကို တမန်တော်တို့က အစဉ်တစိုက် အသုံးပြုခဲ့ကြသည်။

> ကနဦးအသင်းတော်နှင့် ပထမရာစုနှစ် ကနဦးအသင်းတော် ကာလ ဖြစ်ပေါ် ခဲ့သည့် အံ့ဖွယ်၊ တန်ခိုး၊ နိမိတ် လက္ခဏာတို့ အကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြောဆိုသည့်အခါ အဓိကပြောလိုသည့် သဘာဝလွန် အကြောင်းအရာများ ဖြစ်ပျက်ခဲ့မှု၏ ရည်ရွယ်ချက် ဆိုလိုရင်းမှာ အထူးသဖြင့် ယေရှုခရစ်သည် အလုံးစုံ၏ အရှင်သခင်ဖြစ်ကြောင်း သက်သေပြရန်ဖြစ်သည်။ ဒုတိယ ရည်ရွယ်ချက်ကို ဆိုရလျှင် အသင်းတော်အတွင်း သခင်ဘုရား ဘုန်းတော်ထင်ရှားရေး ဖြစ်သည်ဟု ကျွန်ုပ် ပြောလိုပါသည်။ တတိယအနေဖြင့် အံ့ဖွယ်တန်ခိုးနိမိတ်လက္ခဏာများ သည် သခင်ယေရှုခရစ်တော်၏ သတင်းကောင်း စစ်မှန်မှုကို အတည်ပြုပေးပြီး သတင်းကောင်းမရောက်ရှိသေးသော ဒေသများဆီ ယင်းတို့က တံခါးဖွင့်ပေးပါသည်။

**Pastor Ramesh Babu**

တန်ခိုးနိမိတ်များနှင့်တကွ သတင်းကောင်း ဖြန့်ကျက်ရာ၌ တမန်တော်များ အမှုဆောင်ရွက်သည့်အခါ ဘုရားသခင့်ကောင်းချီးအရ အခွင့်အာဏာအသုံးပြုပုံကို လေ့လာပြီးဖြစ်၍ သူတို့ခံယူရရှိသော ဖွင့်လှစ်ဖော်ပြချက်သည် သူတို့၏ အခွင့်အာဏာအဖြစ် မည်သို့ အသုံးခံကြောင်း လေ့လာကြပါစို့။

## ဖွင့်လှစ်ဖော်ပြခြင်း

သန့်ရှင်းသော ဝိညာဉ်တော်သည် တမန်တော်များကို လမ်းပြခဲ့ကြောင်း ကြိမ်ဖန်များစွာ လုကာ မှတ်တမ်းတင်ခဲ့သည်။ အသင်းတော် တစ်ခုလုံး ခြုံငုံ၍ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်၊ အသင်းတော်ကို ရင့်ကျက်လာစေမည့် အခြေခံကျသည့် ဖွဲ့စည်းမှုကို ပုံဖော်ရန်တို့အတွက် သတင်းကောင်း သမ္မာတရား အကြောင်း ရှင်းလင်းပြသရာတွင် သူတို့ကို ဦးဆောင်မှုပေးခဲ့သည်။ သာဓကအားဖြင့် တမန်တော် အခန်းကြီး ၁၀ ထဲတွင် ပေတရုသို့ ဘုရားသခင် ဖွင့်ပြသည့် ရူပါရုံက တပါးအမျိုးသားတို့အား တင်းပြည့် ယုဒဘာသာဝင် ဖြစ်စရာမလိုဘဲ အသင်းတော်တွင်း ဝင်ခွင့်ပေးဖို့ သူ့ကို သွန်သင်ခဲ့သည်။ နိုင်ငံတော်အကြောင်း သတင်းကောင်းကို အကြီးအကျယ် ဖြန့်ကျက်နေစဉ်တွင် မာကေဒေါနိပြည်၌ သတင်းကောင်း ဆင့်ဆိုရန် တမန်တော် ၁၆ တွင် ပေါလုရူပါရုံ ရခဲ့သည်။

တမန်တော်တို့၏ တရားဝင်လုပ်ငန်းဆောင်တာ၊ သာသနာကောင်းချီး၊ အတည်ပြုနိမိတ်လက္ခဏာများနှင့် ဗျာဒိတ်ဖွင့်ပြချက်တို့သည် သူတို့၌ အငြင်းပွားဖွယ်မရှိ အခွင့်အာဏာရှိကြောင်း ရှင်လုကာ၏ မူလစာဖတ်သူများနှင့် ကျန်ရှိ ကနဦး အသင်းတော်အတွက် ယုံလောက်သော သက်သေများ ဖြစ်ကြသည်။ ထို့ပြင် တမန်တော် ဝတ္ထုတလျှောက် ရှင်လုကာ မှတ်တမ်းတင်ခဲ့သလိုပင် ကနဦး အသင်းတော်သည် တမန်တော်တို့၏ သွန်သင်ချက်များနှင့် စီရင်ဆုံးဖြတ်ချက်များကို လက်ခံပေးခြင်းဖြင့် သူတို့၏ အခွင့်အာဏာရှိသော သက်သေခံဖြစ်မှုနှင့် ခေါင်းဆောင်မှုတို့ကို တုန့်ပြန်ခဲ့သည်။ ထိုနည်းတူပင် ယနေ့ကာလ ခရစ်ယာန်တို့သည်လည်း တမန်တော်ဝတ္ထုလို စာများထဲက သူတို့၏ အကျဉ်းချုပ် သွန်သင်ချက်များနှင့် ဓမ္မသစ်ကျမ်းထဲက



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူတို့၏ အခွင့်အာဏာရှိ စာစောင်များအားဖြင့် ခရစ်တော်၏ အခွင့်အာဏာရှိသော အဆိုပါ သံတမန်များကို ဝန်ခံကြရမည် ဖြစ်သည်။

တမန်တော်တို့၏ တမူထူးခြားပြီး အခွင့်အာဏာရှိသော သက်သေဖြစ်ခြင်း သဘောကို နှလုံးသွင်းလျက် သူတို့နှင့် သူတို့နောက်လိုက်များ လောကသို့ ခရစ်တော်၏ သတင်းကောင်း သက်သေခံသူ အဖြစ်ရောက်လာခဲ့ပုံ အနည်းနည်း အထွေထွေ ရှိကြောင်း လေ့လာကြပါစို့။

# အနည်းနည်း အထွေထွေ

ကျွန်ုပ်တို့ ဆွေးနွေးခန်းကို နှစ်ပိုင်း ခွဲပါမည်။ ပထမဦးစွာ ခရစ်တော်ကို သက်သေခံရာတွင် အသုံးပြုသော နည်းအထွေထွေကို ကြည့်ကြပါမည်။ ဒုတိယအားဖြင့် ထိုနည်းများဖြင့် သူတို့သက်သေခံပုံ အခြေအနေအချို့ကို ဖော်ပြပါမည်။ တမန်တော် ဝတ္ထုအတွင်း သူတို့အသုံးပြုခဲ့သော နည်းဗျူဟာ အထွေထွေကို ဦးစွာ ကြည့်ကြပါစို့။

## နည်းဗျူဟာများ

လောကသို့ ခရစ်တော်အကြောင်း ဆင့်ဆိုရာတွင် တမန်တော်များနှင့် သူတို့နောက်လိုက်များ သုံးခဲ့သည့် နည်းဗျူဟာများကို ဖော်ပြနည်း များစွာ ရှိသော်လည်း အခြေခံကျသော နည်းလမ်း ခြောက်ခုကိုသာ စဉ်းစားကြပါမည်။

**သမိုင်းကြောင်း** ပထမအားဖြင့် သမိုင်းကြောင်းကို မကြာခဏ ကိုးကားခဲ့သည်။ ခရစ်တော်၏ သက်တော်စဉ်၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းတို့လို အဖြစ်အပျက်များအား ရည်ညွှန်းဖော်ပြခြင်းဖြင့် သမိုင်းကြောင်း အကူအညီကို ရယူခဲ့သည်။ ယင်းတို့မှာ ရောမအင်ပါယာ တစ်လျှောက် ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုမှတ်တမ်းတင်ထားသော သမိုင်းဝင် အဖြစ်အပျက်များ ဖြစ်ကြသည်။ ထို့ကြောင့် ယင်းတို့လို သမိုင်းဝင် အဖြစ်အပျက်တို့ကို ကိုးကားခြင်းသည် သာသနာပလူတို့ထံ သက်သေခံရာတွင် တမန်တော်များ သုံးစွဲနေကျ နည်းဗျူဟာ တစ်ခု ဖြစ်ခဲ့သည်။ သာဓကအားဖြင့် တမန်တော် ၂၆း၂၆တွင် အောက်ပါ စကားတို့ကို အဂြိပ္ပမင်းကြီးထံ ပေါလုပြောဆိုခဲ့သည်-

> ဤအရာများကို အဂြိပ္ပမင်းကြီး သိတော်မူ၏။ ထိုမင်းရှေ့တော်၌ အကျွန်ုပ် အတိအလင်း လျှောက်ဝံ့ပါ၏။ ဤအမှုအရာ တစ်စုံတစ်ခုကိုမျှ မင်းကြီး မသိဘဲနေတော်မမူဟု အကျွန်ုပ် ထင်ပါ၏။ ဤအမှုသည် ဆိတ်ကွယ်ရာ အရပ်၌ ပြုသောအမှု မဟုတ်ပါ (တမန် ၂၆း၂၆)။

သူနှင့် အသင်းတော်တို့ ဆင့်ဆိုပြောကြားသည့် အခြေခံ သမိုင်းအချက်အလက်တို့သည် ရှေးလူတို့ သိပြီးသားအဖြစ်အပျက်များ ဖြစ်ကြောင်း ဤကျမ်းပိုဒ်အတွင်း ပေါလု အဓိက ပြောလိုရင်း ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**ကျမ်းစာ** ဒုတိယအားဖြင့် သူတို့၏ ဇဝံဂေလိ ကြိုးပမ်းအားထုတ်မှုများကို ထောက်ကူရန် သမ္မာကျမ်းစာ မှန်ကန်မှုများ၏ အကူအညီကို တမန်တော်တို့ မကြာခဏ ရယူခဲ့သည်။ ယုဒလူမျိုး ပရိသတ်သို့ သက်သေခံရာတွင် ဓမ္မဟောင်းကျမ်းအကူအညီကို တမန်တော်တို့ မကြာခဏ ရယူခဲ့သည်။ သာဓကအားဖြင့် တမန်တော် ၃း၂၂ တွင် ယေရှုသည် ကာလရှည်ကြာ စောင့်မျှော်နေခဲ့ကြသည့် မေရှိယဖြစ်ကြောင်း သက်သေပြရန်အတွက် မောရှေ၏ စကားများကို ပေတရု ကိုးကားခဲ့သည်။ တမန်တော် ၂၃း၆ တွင်လည်းဓမ္မဟောင်းကျမ်းလာ သေသောသူတို့ ထမြောက်ခြင်း အကြောင်းအရာ၌ ဖာရိရှဲတို့ ယုံကြည်ထားပုံကို ကိုးကားခဲ့သည်။

**သဘောသဘာဝ** တတိယအားဖြင့် တပါးအမျိုး ပရိသတ်သို့ သက်သေခံရာတွင် သာသနာပလူတို့စဉ်းစားတွေးခေါ် ပုံမှာ တွေ့ရတတ်သည့် သဘာဝတရားအတွင်း ဘုရားသခင့် ဖွင့်ပြချက်နှင့် မှန်ကန်သော ယုံကြည်ချက်များကို တမန်တော်တို့ ရယူကိုးကားခဲ့ကြသည်။ သာဓကအားဖြင့် တမန်တော် ၁၇း၂၄-၂၇ တွင် အာသင်လူတို့ထံ ပေါလုပြောစကားများကို နားထောင်ကြည့်ပါ-

> လောကဓာတ်မှစ၍ လောကဓာတ်၌ ရှိလေသမျှသော အရာတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို အစိုးရသော အရှင်ဖြစ်၍ လူတို့လက်ဖြင့်လုပ်သော ဗိမ္မာန်၌ ကျိန်းဝပ်တော်မူသည် မဟုတ်။ ဘုရားသခင်သည် ခပ်သိမ်းသောသူတို့အား ဇီဝအသက်နှင့်တကွ ထွက်သက်ဝင်သက်မှစ၍ ခပ်သိမ်းသော အရာတို့ကို ပေးတော်မူသော အရှင်ဖြစ်၍ တစ်စုံတစ်ခုကို အလိုတော်ရှိသကဲ့သို့ လူတို့လက်ဖြင့် ကျွေးမွေးခြင်းကို ခံတော်မူသည်မဟုတ်။ ဘုရားသခင်သည် မြေတပြင်လုံး၌ နေရသောလူအမျိုးမျိုးတို့ကို တသွေးတည်းနှင့် ဖန်ဆင်းတော်မူ၍ သူတို့အား ခွဲဝေစီမံသော အချိန်ကာလကိုငှင်း၊ သူတို့၏ နေရာ အပိုင်းအခြားကိုငှင်း မှတ်သားတော်မူ၏။ အကြောင်းမူကား လူတို့သည် ဘုရားသခင်ကို ရှာစမ်းသဖြင့် တွေ့ကောင်းတွေ့ကြလိမ့်မည် အကြောင်းတည်း။ သို့ဆိုသော်လည်း ဘုရားသခင်သည် ငါတို့တွင် အဘယ်သူနှင့်မျှ ဝေးတော်မူသည် မဟုတ် (တမန် ၁၇း၂၄း-၂၇)။

ဤနေရာတွင် ပေါလုတင်ပြသည့် ရှုထောင့်အမြင်တို့မှာ ခရစ်ယာန်များ၊ ယုဒလူတို့သာမက သာသနာပလူ အများကပါ လက်ခံထားသည့် အမြင်များ ဖြစ်ကြသည်။ ထို့ကြောင့် ဤနေရာတွင် ဘုရားနှင့် လူ့သမိုင်းကြောင်းအပေါ် သာသနာပလူတို့ သာမာန်အားဖြင့် လက်ခံ ရှုမြင်ထားချက်များကို သူ့သတင်းကောင်းတင်ဆက်ရာ စမှတ်အဖြစ် ပေါလု သုံးခဲ့သည်။ အမှန်စင်စစ် အာသင်ရှိ အာရေတောင်၌ အလားတူပြောဆိုခဲ့ရာတွင်လည်း သာသနာပလူတို့၏ စာပေကိုပင်လျှင် ပေါလု ကိုးကားဖော်ပြခဲ့သည်။ တမန်တော် ၁၇း၂၈ ပါ သူ့ပြောစကားများကို နားထောင်ကြည့်ပါ-

"ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိကြ၏။ ထိုသို့နှင့်အညီ သင်တို့တွင် လင်္ကာဆရာ အချို့က 'ငါတို့သည်ကား နွယ်တော်သားပင်၊ ဘုရားမျိုးပေ ဖြစ်ကြလေ' ဟု စပ်ဆိုသတည်း" (တမန် ၁၇း၂၈)။

အာသင်မြို့တွင် ခရစ်တော်အကြောင်း သူ သက်သေခံစဉ် ခရစ်ယာန်ယုံကြည်ခြင်းတရား မှန်ကန်မှုကို တည်ဆောက်ရာ၌ ဂရိ ကဗျာလင်္ကာအကူအညီကို ပေါလု ရယူခဲ့ကြောင်း ဤနေရာမှာတွေ့ရသည်။

မည်သည့်နေရာမှာပဲ တွေ့ရသည်ဖြစ်စေ အမှန်တရားတိုင်းသည် ဘုရားသခင့်ထံမှ လာသည်ချည်းဖြစ်သည်ဟုပင် တစ်ခါတစ်ရံ ပြောစမှတ်ပြုကြသည်။ ဟုတ်ပါသည်။ ထို့ကြောင့်ပင် ခရစ်ယာန် မဟုတ်သူတို့၏ နယ်ပယ်များမှာလည်း အံ့ဖွယ် သမ္မာတရား ဖော်ပြချက်မျိုးစုံကို ကျွန်ုပ်တို့ တွေ့ရှိရသည်။ သာသနာပတို့အထဲမှာ ရှိနိုင်သလို အနည်းဆုံး လောကီထဲမှာလည်း တွေ့နိုင်သည်။ အဆိုပါ အကြောင်းအရာတို့ကို ကျွန်ုပ်တို့ အသုံးပြုသင့်ပါသလား။ တမန်တော် အခန်းကြီး ၁၇ ထဲမှာ တမန်တော် ပေါလုလို ပုဂ္ဂိုလ်မျိုးက အာရေတောင်ပေါ်မှာ ပြောခဲ့ပုံမျိုးကို ကျွန်ုပ်တို့ တွေ့ရှိပါသည်။ သူတို့ ရေးဖွဲ့သည့် ကဗျာအချို့ကို သူ အမှန်ပင် ကိုးကားခဲ့သည်။ သို့ဖြစ်လျှင် ကျွန်ုပ်တို့လည်း ယင်းတို့ကို အလားတူ သဘောညီစွာ ကိုးကားဖို့ နောက်မတွန့်သင့်ပါ။ သူတို့၏ ယဉ်ကျေးမှု သို့မဟုတ် စာပေအရေးအသားများမှာ ရှိပြီးဖြစ်သည့် မှန်ကန်သည့်အရာများနှင့် သူတို့ကို အဘယ်ကြောင့် အားမပေးဘဲ ထားရပါမည်နည်း။ သို့သော် သူပြောသည့် စကားထဲတွင်ပင် လူလက်ဖြင့်လုပ်သော အဆိုပါ ဗိမ္မာန်တော်တို့သည် နေစရာအတွက်၊ ကျွေးမွေး ကိုယ်လက် သုတ်သင်ပေးမည့် ကူညီမစမှုများအတွက် ဘုရားသခင်လိုသော အရာ တစ်ခုခုကို ပေးသည်ဟု သင်တို့ထင်ပါသလော ဟု သူပြောဆိုသည်။ ဘုရားသခင်သည် အဆိုပါအရာတို့ကို အမှန်စင်စစ် လိုအပ်ပါသလော။ ကိုယ်တော် မလိုအပ်ပါ။ ကိုယ်တော်သည် မိမိဘာသာ မိမိ ပြည့်စုံကုံလုံကြွယ်ဝမှု ရှိတော်မူပါသည်။ ကျွန်ုပ်တို့ထံမှ မည်သည့် မစမှုအကူအညီကိုမျှ မလိုအပ်ပါ။ သို့ဖြစ်၍ အဆိုပါဒေသနာ၊ သူကိုးကားချက် ရယူပြောဆိုရာ အလားတူ စကားထဲမှာပင် သူတို့ပြုပြင်ရမည့်အရာအချို့နှင့် ပတ်သက်၍လည်း သူတို့ကို သူ စိမ်ခေါ်ထားပါသည်။

**Rev. Mark Moser**



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**တစ်ကိုယ်ရည် အတွေ့အကြုံ** စတုတ္ထအားဖြင့် အခြားသူများထံ ခရစ်တော်ကို တင်ဆက်ရာတွင် တစ်ကိုယ်ရည် တွေ့ကြုံရသည့် အတွေ့အကြုံမျိုးကိုလည်း တမန်တော်တို့ မကြာခဏ ကိုးကားလေ့ ရှိသည်။ ဤနည်းကို ပေါလု အကြိမ်ကြိမ်သုံးစွဲကြောင်း တမန်တော် ဝတ္ထုထဲတွင် လုကာမှတ်တမ်းတင်ခဲ့သည်။ သာဓကအားဖြင့် တမန်တော် အခန်းကြီး ၉ ထဲ လုကာ မှတ်တမ်းတင်ခဲ့သော ဒမသက်လမ်းပေါ်က စိတ်လှုပ်ရှားဖွယ် ပြောင်းလဲမှုအတွေ့အကြုံအကြောင်းကို ပေါလု ကိုးကားခဲ့သည်။ တမန်တော် အခန်းကြီး ၂၂ အတွင်း ယုဒလူအုပ်ကြီးများရှေ့တွင်၎င်း၊ တမန်တော် အခန်းကြီး ၂၆ အတွင်း အဂြိပ္ပမင်းကြီး ရှေ့တွင်၎င်း ဤအတွေ့အကြုံကို ပြန်ပြောင်းပြောဆိုခြင်း၊ ဖော်ပြခြင်း ပြုခဲ့သည်။

**အံ့ဖွယ်နိမိတ်လက္ခဏာများ** ပဉ္စမအားဖြင့် သူတို့ဟောပြောသော သတင်းကောင်း စစ်မှန်မှုကို သက်သေပြသည့် အံ့ဖွယ်နိမိတ်လက္ခဏာများစွာကို တမန်တော်တို့ ပြုခဲ့ကြသည်။ ဤသင်ခန်းစာထဲ အစောပိုင်း တွေ့ခဲ့သလို တမန်တော်ဝတ္ထုသည် တမန်တော်များပြုခဲ့သည့် အံ့ဖွယ်တန်ခိုးများနှင့် ပြည့်နှက်နေသည်။ ဝိညာဉ်တော် တန်ခိုးပေးရာ နေရာတိုင်း၌ ယေရှုခရစ်တော်ကို သက်သေခံသည့်အမှု အထောက်အကူဖြစ်သည့် အံ့ဖွယ်တန်ခိုးများကို တမန်တော်တို့ပြုနိုင်ဖို့ ထိုသို့ လုပ်ပေးခြင်း ဖြစ်သည်။

**ခရစ်တော်အပေါ် သစ္စာစောင့်သိခြင်း** ဆဋ္ဌမအားဖြင့် တမန်တော်တို့သည် ခရစ်တော်ထံ အစဉ်တစိုက်စောင့်သိမှုအားဖြင့် သက်သေခံခဲ့ကြသည်။ ခရစ်တော်ကို လူအများထံ ညွှန်ပြနိုင်ဖို့ သူတို့ သတိပြုထားမိသည့်အချက်ကို အစဉ်တစိုက် အသုံးပြုခဲ့သည်။ သာဓကအားဖြင့် တမန်တော် အခန်းကြီး ၁၄ အတွင်း ပေါလုနှင့် ဗာနဗတို့ကို ကိုးကွယ်ရန် လုတ္တရမြို့သားတို့ ကြိုးစားသည့်အခါ မိမိသည် သာမာန်လူသာဖြစ်ကြောင်း အခိုင်အမာပြောဆိုပြီး လူတို့ကို ဘုရားသခင်ထံ ညွှန်ပေးခဲ့သည်။ တမန်တော် အခန်းကြီး ၄ ၌မှ ယုဒ အုပ်ချုပ်ရေးကောင်စီက တမန်တော်များကို ခြိမ်းခြောက်ပြီး ဧဝံဂေလိ မဝေငှဖို့ တားမြစ်သည့်အခါ တမန်တော်များ ပါးစပ်ပိတ်နေဖို့ ငြင်းဆန်ခဲ့ကြသည်။ တမန်တော် ၅:၂၇-၂၉ ကို ဖတ်ရှုပါက

> ယဇ်ပုရောဟိတ်မင်းက "ထိုနာမကို အမှီပြု၍ မဆုံးမ မသွန်သင်မည့်အကြောင်း ငါတို့သည် သင်တို့အား ကျပ်တည်းစွာ စီရင်မှာထားသည် မဟုတ်လော" ဟု ဆိုသည့်အခါ ပေတရုနှင့် အခြားသော တမန်တော်တို့ကလည်း "လူ၏စကားထက် ဘုရားသခင်၏ စကားတော်ကို နားထောင်သင့်ပါ၏"ဟု ပြန်ပြောကြသည်။

"ငါတို့သည် လူကို နားထောင်ရမည်လော၊ ဘုရားသခင်ကို နားထောင်ရမည်လော" ဟု သူတို့အား ပေတရု ပြောခဲ့သည်။ ယေရှုကို ကားတိုင်တင်ဖို့ လက်ဝါးချင်း ရိုက်ခဲ့ကြသူတို့ ရှေ့မှောက်မှာ ရပ်နေသော ပေတရုထံက ပေးနေသည့် အံ့ဖွယ်သာဓကမျိုး ဓမ္မသစ်ထဲမှာ ရှိနေသည်။ နိုင်ငံတော်နှင့် ရှင်ဘုရင်ကို သူတို့ သစ္စာစောင့်သိသလို ကျွန်ုပ်တို့လည်း စောင့်သိကြရပါမည်။ ကျွန်ုပ်တို့ ဆိတ်ဆိတ်နေဖို့ အုပ်ချုပ်သူအစိုးရတို့က



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အမိန့်ပေးသည့် အချိန်မျိုးတွင် သူ့ပုံသက်သေသည် ယနေ့ကာလ ကျွန်ုပ်တို့အတွက် ရှေ့ဆောင် လမ်းပြကဲ့သို့ ဖြစ်သည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ လွှတ်တော်က သူတို့အား ယေရှုကို ယုံကြည်ခြင်းမှ တားမြစ်ကြောင်း မပြောဆိုခဲ့သည့်ကိစ္စ ဖြစ်သည်။ ပြောဆိုခဲ့သည်မှာ ယေရှုအကြောင်း ဟောပြော သွန်သင်ခြင်းမှ သူတို့ကို တားမြစ်သည့် အကြောင်းသာလျှင် ဖြစ်သည်။ "မဟုတ်ပါ။ ယေရှု အကြောင်းကို ဆက်ဟောမည်သာ ဖြစ်ပါသည်။ အကြောင်းမှာ ဘုရားသခင်ကိုနာခံရန်ကသာ ပိုအရေးကြီးပါသည်" ဟု တမန်တော်တို့ တုန့်ပြန်ခဲ့သလို ပိုမိုခက်ခဲလာသည့် နေရာများ၌ ရှိနေသည့် ယနေ့ အသင်းတော်သည်လည်း အလားတူ တုန့်ပြန်ရန်၊ ရဲရင့်ရန်၊ ဆုံးဖြတ်ချက်ပြတ်သားရန် လိုအပ်ပြီး မည်သူ့သစ္စာကိုမျှ မခံသေးမီ ကျွန်ုပ်တို့၏ ဘုရင်နှင့် အရှင်သခင် ယေရှုခရစ်တော်ကိုသာ သစ္စာစောင့်သိကြရမည် ဖြစ်သည်။

**Dr. John Norwood**

သတင်းကောင်း သက်သေခံရာတွင် တမန်တော်တို့သည် နည်းဗျူဟာအထူးထူး အထွေထွေ သုံးခဲ့ကြသည်။ သူတို့၏ ပုံသက်သေနှင့် သွန်သင်ချက်များကို ကြည့်ပြီး အလားတူ လိုက်နာ လုပ်ဆောင်လာတတ်စေဖို့ ကနဦးအသင်းတော်ကို သူတို့ လေ့ကျင့်ပျိုးထောင်ပေးခဲ့သည်။ သတင်းကောင်းကို သက်သေခံသူများ အဖြစ် ကျွန်ုပ်တို့ အသုံးခံကြရာ၌ ကျွန်ုပ်တို့အား ဘုရားသခင် လိုက်နာစေလိုသည့် နည်းဗျူဟာများစွာကို ရှာဖွေလိုက်စားရေးအတွက် တမန်တော်ဝတ္ထုထဲက လုကာမှတ်တမ်း၏ ဤသွင်ပြင်လက္ခဏာသည် ခေတ်အဆက်ဆက် ခရစ်ယာန်တို့ကို ခွန်အားပေးလျက်ရှိသည်။

ခရစ်တော်ကို သက်သေခံရာမှာ တမန်တော်တို့ အသုံးပြုခဲ့ကြသည့် အထူးထူးအထွေထွေသော နည်းဗျူဟာတို့နှင့် ယှဉ်သည့် မတူကွဲပြားသော နောက်ခံအခြေအနေများကိုလည်း ကျွန်ုပ်တို့ လေ့လာကြပါမည်။

## နောက်ခံအခြေအနေများ

သတင်းကောင်းကို တမန်တော်များ သက်သေခံရာ တမန်တော်ဝတ္ထု နောက်ခံအခြေအနေ အမျိုးမျိုးကို အကျဉ်းချုပ်ရန် နည်းလမ်းများစွာ ရှိသည်။ သို့သော် လွယ်ကူအောင် ယင်းတို့အား အခြေခံအားဖြင့် အုပ်စုလေးစု ခွဲခြားပါမည်။

ပထမမှာ ကြီးမားသည့် လူအုပ်စုများပါရှိသည့် လူထုနောက်ခံအတွင်း တမန်တော်များ၏ လူသိရှင်ကြား ပြောဆိုချက်များဖြစ်ကြသည်။ ဒေသနာများဖြစ်စေ၊ ခုခံကာကွယ်ပြောဆိုချက်များ ဖြစ်စေ သို့တည်းမဟုတ် အခြားသော အနာဂတ္တိ ဟောချက် ပုံစံများဖြစ်စေ၊ သူတို့ဟောသည့်

ပရိသတ်ကို မူတည်ပြီး ပြောမည့်စကားများကို တမန်တော်တို့ ဂရုတစိုက် ရွေးချယ်ခဲ့ကြသည်။ ယုဒလူတို့ကို ပုံစံတမျိုး၊ တစ်ပါးအမျိုးတို့ကို နောက်တစ်မျိုး ဟောခဲ့ကြကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။

ဒုတိယအားဖြင့် နှစ်ဦးချင်း ဆွေးနွေးပြောဆိုမှု သို့မဟုတ် ငြင်းခုံဆွေးနွေးသည့်ပုံစံဖြင့် တမန်တော်တို့ သက်သေခံခဲ့ကြသည်။ ဤနောက်ခံတွင် တုန့်ပြန်ချေပဖို့ လူတို့ကို ဖိတ်ခေါ်ပြီး သတင်းကောင်းဖက်မှ တမန်တော်တို့က ခုခံကာကွယ်ရန် ရည်ရွယ်သည်။ သာဓကအားဖြင့် တမန်တော် ၁၉ ၌ ဧဖက်မြို့ရှိ တုရန္နု၏ တရားစရပ်တွင် သူတို့နှင့် ပေါလု စကားစစ်ထိုးကာ ဆွေးနွေးခဲ့သည်။ ထိုနေရာသည် လူတို့ရှေ့မှောက် စကားပြောစွမ်းရည်နှင့် အယူအဆသစ်များကို ကြားနာစစ်ကြောရာနေရာတစ်ခုလည်း ဖြစ်သည်။

တတိယအားဖြင့် အိမ်ထောင်မိသားစုအတွင်း သက်သေခံခြင်းကို တမန်တော်များနှင့် သူတို့နောက်လိုက်များ မကြာခဏလုပ်ဆောင်ခဲ့ကြသည်။ ရှေးခေတ်က အိမ်ထောင်မိသားစုမှန်လျှင် မိဘ၊ သားသမီးများထက်မက ပိုမိုများပြားစွာပါရှိတတ်သည်။ ဆွေမျိုးညာတိများ၊ မိတ်ဆွေ ရောင်းရင်းများ၊ မိသားစု အစေခံကျွန်များ စသည်ဖြင့် ပါဝင်လေ့ရှိကြသည်။ ထို့ကြောင့် တမန်တော်ဝတ္ထုထဲက အိမ်ထောင်မိသားစုများအကြောင်း ဖတ်ရသည့်အခါ ကလေးသူငယ်များ၊ အဖိုး အဖွားများ၊ ဦးကြီး ဦးလေး၊ ဒေါ်ကြီး ဒေါ်လေး တို့သာမက အလုပ်သမားများ၊ အိမ်ဖော်များနှင့် အချို့မိသားစုများတွင် အိမ်ကျွန်များပါ ရှိတတ်သည်။ အိမ်ထောင်မိသားစုတစ်ခုသည် ပျမ်းမျှအားဖြင့် ၁၅ ယောက်မှ ၂၀ ယောက်ခန့် ရှိတတ်သည်။ တမန်တော် ဝတ္ထုအတွင်း နေရာများစွာ၌ အိမ်ထောင်မိသားစုများသို့ တမန်တော်များ သက်သေခံသည့် သာဓကများကို တွေ့နိုင်သည်။ အခန်းကြီး ၁၀ ကို ကြည့်လျှင် ကော်နေလိ မိသားစုသို့ ပေတရု သက်သေခံကြောင်း တွေ့ရပြီး အခန်းကြီး ၁၆ တွင် လုဒိနှင့် ဖိလိပ္ပိထောင်မှူး မိသားစုများသို့ ပေါလု သက်သေခံသည်ကို တွေ့ရသည်။

စတုတ္ထအားဖြင့် တစ်ဦးချင်း ဧဝံဂေလိ သာဓကများသည်လည်း သက်သေခံသည့် နည်းဟန်တစ်ခုအဖြစ် တမန်တော်ဝတ္ထုထဲ ပါရှိနေသည်။ သာဓကအားဖြင့် တမန်တော် အခန်းကြီး ၂၅ အတွင်း အဂြိပ္ပမင်းကြီးထံ ၎င်း၏ အသိပညာ၊ အတွေ့အကြုံတို့နှင့် အတိအကျကိုက်ညီသည့် စကားလုံးများဖြင့် တစ်ဦးချင်း ပြောဆိုခဲ့သည်။

အတိုဆိုရလျှင် တမန်တော်တို့ သက်သေခံသည့်အခါ ပုံသေနည်းလမ်း၊ ပုံသေနောက်ခံ ပြဌာန်းမှုဖြင့် မိမိတို့ ကိုယ်မိမိတို့ မကန့်သတ်ခဲ့ကြပါ။ တမန်တော်ဝတ္ထုကို ကျွန်ုပ်တို့ ခြုံငုံလေ့လာသည့်အခါ ပရိသတ်တစ်ခုချင်းစီတိုင်းနှင့် အပ်စပ်သည့် နည်းလမ်းများဖြင့် သတင်းကောင်းတင်ဆက်နိုင်ရန် ရနိုင်သည့် အခွင့်အရေးမှန်သမျှကို ယူခဲ့ကြကြောင်း တွေ့ရသည်။ ထိုသို့ပြုရာ၌ ကျွန်ုပ်တို့ ပရိသတ်တို့နားထဲ အထိရောက်ဆုံး ရိုက်ခတ်စေသည့် အခြေခံကျသော သတင်းကောင်း အချက်အလက်များအပေါ် အလေးပေးရမည်၊ မယုံကြည်သူ တစ်ဦးချင်းစီ၏ ဘဝအခြေအနေနှင့် အပ်စပ်သော တိကျသည့် နည်းလမ်းများကိုလည်း ရှာကြံရမည်ဆိုသည့် သာဓကတစ်ခုကို ကျွန်ုပ်တို့အား တမန်တော်တို့က ပေးခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သန့်ရှင်းသော ဝိညာဉ်တော်နှင့် တမန်တော်များ အာဘော်တို့ကို လေ့လာပြီးသည့်နောက် တမန်တော်ဝတ္ထုအတွင်း တမန်တော်များ ထူထောင်ခဲ့သော အသင်းတော် အကြောင်း ဆိုသည့် ကျွန်ုပ်တို့၏ တတိယမြောက် အဓိကအာဘော်ဆီ လှည့်ကြပါစို့။

# အသင်းတော်

အသင်းတော် အာဘော်ကို ပုံစံနှစ်မျိုးဖြင့် လေ့လာဖော်ထုတ်ကြပါစို့။ ပထမဦးစွာ အသင်းတော်မရှိမဖြစ် လိုအပ်ပုံကို လေ့လာကြပါမည်။ ဒုတိယအားဖြင့် သူတို့အလုပ်ကို ဆက်လုပ်နိုင်ရေး အသင်းတော်အား တမန်တော်တို့ ပြင်ဆင်ပေးခဲ့ပုံကို ကြည့်ကြပါမည်။ အသင်းတော် မရှိမဖြစ် လိုအပ်ချက်နှင့် စကြပါစို့။

## လိုအပ်ချက်

သူ့အသင်းတော်ကို တည်ဆောက်ရန် တမန်တော်များကို ခရစ်တော် တာဝန်ပေးခဲ့သည်။ အဘယ်ကြောင့်နည်း။ ခရစ်တော်၏ သတင်းစကားကို မြေကြီးစွန်းတိုင်အောင် လက်တဆုပ်စာလူစုမျှလောက်က မိမိတို့ဘာသာမိမိတို့ ယူဆောင်မသွားနိုင်ကြောင်း တမန်တော်တို့ သိနားလည်ခဲ့ကြသည်။ နိုင်ငံတော် သတင်းစကားကို ရှိရှိသမျှနေရာမှာ ဆင့်ဆိုဖို့ သက်သေခံ တပ်ဖွဲ့ကြီးတစ်ခု လိုအပ်ပါသည်။

တမန်တော်တို့၏ သာသနာကို အောင်မြင်ပြီးမြောက်အောင် လုပ်ဆောင်ဖို့ အသင်းတော်က လိုအပ်ရသည့် အဓိကအချက် နှစ်ချက် ရှိသည်။ ပထမအားဖြင့် တမန်တော်တို့၏ ခန္ဓာပိုင်းဆိုင်ရာ အကန့်အသတ်များ ရှိနေသည်။ ဒုတိယအားဖြင့် အချိန်ကာလဆိုင်ရာ အကန့်အသတ်များ ရှိနေသည်။ တမန်တော်တို့၏ ခန္ဓာပိုင်းဆိုင်ရာ အကန့်အသတ်ရှိမှုနှင့် စကြပါစို့။

### ခန္ဓာပိုင်းဆိုင်ရာ အကန့်အသတ်များ

တမန်တော်တို့၏ အလုပ်မှာ သတင်းကောင်းဆင့်ဆိုခြင်းဖြင့် ခရစ်တော်ကို သက်သေခံရန် ဖြစ်ကြောင်း တွေ့ခဲ့ကြပြီး ဖြစ်သည်။ သို့သော် သူတို့ဘာသာသူတို့အားဖြင့် လောကတခွင်လုံးအတွက် "အသက်ရှင်သော စာများ" မဖြစ်နိုင်ကြပေ။ ဤပြဿနာကို ဖြေရှင်းရန် စစ်မှန်သောသက်သေခံဖြစ်ရေး တာဝန်အများစုကို တမန်တော်တို့ကိုယ်စား အသင်းတော်ထံ လွှဲပြောင်းယူစေခဲ့သည်။ တမန်တော်တို့ သာသနာပြုခြင်းဖြင့် သင်းဝင်သူများ ပိုမိုများပြားလာသည့်အခါ ယင်းယုံကြည်သူတို့သည် "အသက်ရှင်သောစာများ" ဖြစ်လာကြသည်။ ဧဝံဂေလိတရားနှင့်အညီ သူတို့အသက်ရှင်ကြသည်။ ထိုသို့အားဖြင့် သူတို့မိသားစုများနှင့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အိမ်နီးချင်းများထံ ယေရှုအကြောင်း သက်သေခံကြသည်။ အချို့တို့သည် ဒေသန္တရ အသင်းတော် ခေါင်းဆောင်များ၊ သင်းထောက်များ ဖြစ်လာကြသည်။ အချို့တို့သည် အခြားနေရာတို့၌ သာသနာပြုများ၊ ဧဝံဂေလိဆရာများ ဖြစ်လာကြသည်။

ထိုနည်းအားဖြင့် မျိုးဆက်တိုင်းတွင် သာသနာရှိသမျှကို အသင်းတော်က ၎င်းဘာသာ လုပ်ဆောင်နိုင်ရေးအတွက် မိမိကိုယ်ကို ကိုယ်တိုင်ပုံတူပွားယူသည့် ဧဝံဂေလိသာသနာပြု ပုံစံအစစ်ကို တမန်တော်တို့ ဖန်တီးပေးခဲ့သည်။ အတိအကျဆိုရလျှင် တမန်တော်တို့ ဟောပြောစဉ် ပါရှိခဲ့သည့် အလားတူ အခွင့်အာဏာနှင့် တန်ခိုးနိမိတ်လက္ခဏာအတည်ပြုချက်မျိုးတို့ဖြင့်တော့ အသင်းတော်က သာသနာပြုနိုင်စွမ်း မရှိခဲ့ပါ။ မည်သို့ဆိုစေ အသင်းတော်၏ အသက်တာနှင့် ဟောပြောချက်တို့အားဖြင့် သာသနာပြုရန်နှင့် ဤနည်းအားဖြင့် ယုံကြည်သူသစ်များစွာ ပြောင်းလဲစေရန် သန့်ရှင်းသော ဝိညာဉ်တော်က နှစ်သက်တော်မူခဲ့ ဖြစ်ပါသည်။ သာဓကအားဖြင့် တမန်တော် ၁၁း၁၉-၂၁ အတွင်း ညှင်းဆဲနှိပ်ကွပ်မှုကြောင့် ယုံကြည်သူတို့ ကွဲလွင့်ကြရပုံကို နားထောင်ကြည့်ပါ-

> (သူတို့သည်) ဖိနိတ်၊ ကုပရု။ အန္တိအုတ် မြို့များသို့တိုင်အောင် သွား၍ ယုဒလူတို့အားသာ နှုတ်ကပတ်တရားတော်ကို ဟောပြောကြ၏။ နောက်မှ ... အန္တိအုတ်မြို့သို့သွားပြီးလျှင် သခင်ယေရှု၏ အကြောင်းတည်းဟူသော ဧဝံဂေလိတရားကို ဟေလေနစ်လူတို့အား ဟောပြောကြ၏။ သခင်ဘုရား၏ လက်တော်သည် ထိုသူတို့နှင့်တကွ ရှိတော်မူသဖြင့် လူအပေါင်းတို့သည် ယုံကြည်၍ သခင်ဘုရားထံသို့ ပြောင်းလဲကြ၏ (တမန် ၁၁း၁၉-၂၁)။

> ဘုရားသခင့် နိုင်ငံတော် ရည်ရွယ်ချက်ကို ရှင်းပြသည့် တမူထူးခြားသည့် လုပ်ငန်းတာဝန်အား အသင်းတော်က ထိုမျှလောက် ထမ်းရွက်သည်ဖြစ်ရကား ဘုရားသခင့် နိုင်ငံတော် အစပြုသည့်အကြောင်း ကျွန်ုပ်တို့ ဆင်ခြင်ရာ၌ မြင်ရသော အသင်းတော်နောက်ခံအတွင်း ကိုယ်တော်၏ အခွင့်အာဏာကို ကျွန်ုပ်တို့ ဧကန်အမှန် အထင်အရှား တွေ့ရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ထိုနေရာသည် ကိုယ်တော်၏ စကားကို ဆင့်ဆိုရာ၊ မင်္ဂလာတရားများကို ကျင့်ဆောင်ရာ၊ ဧကန်စင်စစ် သခင်ယေရှုခရစ်တော်၏ အရှင်သခင်ဖြစ်ပုံကို စုဝေးကြသော ဘုရားလူတို့ ထင်ရှားပြသရေး ဆုံးမပဲ့ပြင်မှုခံယူရာ ဖြစ်သည်။ တမန်တော်ဝတ္ထုထဲ တွေ့ရသော သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းမှုအတွင်း အသင်းတော်သည် ဒေသတစ်ခုနှင့်သာ ဆိုင်သည့် ဒေသန္တရ အသင်းတော် မဟုတ်တော့ပါ။ အဝေးဆုံး မြေကမ္ဘာဆီသို့တိုင် အမှန်တကယ် ရွေ့လျားနေပြီ ဖြစ်သည်။ မည်သို့နည်း။ အသင်းတော်အားဖြင့် ဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် မြေကြီးပေါ်က ဘုရားသခင့် နိုင်ငံတော် တကယ့်ထင်ရှားရာအဖြစ် အသင်းတော်က အစေခံလျက်ရှိသည်။

**Dr. David B. Garner**

တမန်တော်တို့၏ ခန္ဓာပိုင်းဆိုင်ရာ အကန့်အသတ်ရှိပုံကို နှလုံးသွင်းရင်း အချိန်ကာလဆိုင်ရာ အကန့်အသတ်များဆီ လှည့်ကြပါမည်။ သူတို့သည် သာမန် လူ့သက်တမ်းအတိုင်းသာ ရှင်သန်ရသည်ဖြစ်၍ အသင်းတော် မရှိမဖြစ် လိုအပ်လာရခြင်းဖြစ်သည်။

## အချိန်ကာလဆိုင်ရာ အကန့်အသတ်များ

ယေရှုပြန်ကြွလာမည်ကို တမန်တော်တို့ ယုံကြည်သော်လည်း မည်သည့်အချိန်ဆိုသည်ကို သူတို့မသိကြပေ။ တမန်တော် အခန်းကြီး ၁၂ အတွင်း တမန်တော် ယာကုပ်ကို ဟေရုဒ်မင်းက ခေါင်းဖြတ်ကွပ်မျက်ချိန်၌ ယေရှုပြန်မကြွလာမီ အချို့သော တမန်တော်တို့ အသက်ရှင်နိုင်ခြေ မရှိကြောင်း ထင်ရှားသိသာလာသည်။ ထို့ကြောင့် အသင်းတော်အား မိမိတို့ *တမန်တော်များ၏ တိုက်ရိုက်ကြီးကြပ်မှုအောက်၌* သာသနာပြုရန်သာမက မိမိတို့ လွန်သည့်နောက်ပိုင်းကာလ အသင်းတော် တည်ဆောက်ရေး လုပ်ငန်း ဆက်လုပ်သွားနိုင်ရေးအတွက်ပါ အသင်းတော်ကို တမန်တော်တို့ လေ့ကျင့်သင်ကြားပေးခဲ့သည်။ သာဓကအားဖြင့် တမန်တော် ၂၀း၂၅-၂၈ အတွင်း ဖေက်သင်းအုပ်များထံ ပေါလုပြောစကားများကို နားထောင်ကြည့်ပါ-

> ငါလှည့်လည်၍ ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို ဟောပြောရာ
> သင်တို့ရှိသမျှသည် နောက်တဖန် ငါ့မျက်နှာကို မမြင်ရကြဟု ငါသိ၏။ ...
> ထို့ကြောင့် သင်တို့သည် ကိုယ်ကို သတိနှင့်ကြည့်ရှုကြလော့။ ဘုရားသခင်သည်
> မိမိအသွေးနှင့် ဝယ်တော်မူသော အသင်းတော်ကို လုပ်ကျွေးစေခြင်းငှာ
> သန့်ရှင်းသော ဝိညာဉ်တော်သည် အအုပ်အချုပ်ခန့်ထားသော
> သိုးစုတစုလုံးကိုလည်း သတိနှင့် ကြည့်ရှုကြလော့ (တမန် ၂၀း၂၅-၂၈)။

သတင်းကောင်းကို စစ်မှန်သောနည်းလမ်းများနှင့် ဆင့်ဆို ဖြန့်ကျက်ဖို့နှင့် ယုံကြည်သူများကို ရင့်ကျက်ရာသို့ ပို့ဆောင်ဖို့ အသင်းတော်သည် ခရစ်တော်အပေါ် ဆက်လက်မှီခိုအားပြုရမည်ဖြစ်ကြောင်း ပေါလုက အသေအချာသိစေလိုခဲ့သည်။ ထို့ကြောင့် သူကွယ်လွန်ပြီးသည့်နောက်တွင်လည်း သူတို့၏ အမှုတော်များကို ဆက်လုပ်ရေး ခေါင်းဆောင်များ အသင့်ပြင်ဆင်ပြီးဖြစ်နေဖို့ သူသေချာအောင်လုပ်ခြင်း ဖြစ်သည်။

ယခုတွင် အစစ်အမှန်သက်သေခံရေးအတွက် အသင်းတော် မရှိမဖြစ်လိုအပ်ပုံကို လေ့လာပြီး ဖြစ်၍ အသင်းတော်ကို တမန်တော်များ မည်သို့ ပြင်ဆင်ပေးကြောင်း ကြည့်ကြပါစို့။

# ပြင်ဆင်ခြင်း

ဘုရားသခင့်နိုင်ငံတော် ဆက်လက်ဖြန့်ကျက်နိုင်ရေးအတွက် အသင်းတော်ကို တမန်တော်တို့ ပြင်ဆင်ပေးသည့် နည်းလမ်းများစွာရှိသည့်အထဲမှ အချိန်ကိုထောက်သည့်အနေဖြင့် သုံးခုကိုသာ လေ့လာကြပါမည်။ ပထမအားဖြင့် တမန်တော်များ၏ ဩဝါဒကို ဆက်လက် သစ္စာစောင့်သိဖို့ အသင်းတော်ကို သူတို့ သွန်သင်သည်။ ဒုတိယအားဖြင့် အသင်းတော်အကြီးအကဲများ၊ သင်းထောက်များကဲ့သို့သော အသင်းတော်အမှုဆောင်များကို သူတို့ ခန့်အပ်ပေးသည်။ တတိယအားဖြင့် မလွဲမသွေ သူတို့ရင်ဆိုင်ကြရမည့် အခက်အခဲများကို ဖွဲ့နှင့် ဖြတ်သန်းနိုင်ဖို့ အသင်းတော်ကို သူတို့ ပြင်ဆင်ပေးသည်။ အသင်းတော်သို့ တမန်တော်များ လက်ဆင့်ကမ်းခဲ့သော သွန်သင်ချက်များကို ဦးစွာကြည့်ကြပါစို့။

## သွန်သင်ချက်များ

ဧဖက် အခန်းကြီး ၂ ထဲတွင် တိုက်ထောင့် အမြစ်ကျောက်တည်းဟူသော ခရစ်တော်ကိုအခြေခံပြီး တမန်တော်များ၊ ပရောဖက်များက အုတ်မြစ်ဖြစ်သည့် အပေါ်တွင် ထပ်ဆင့် ဆောက်လုပ်ထားသော အဆောက်အဦတစ်ခုအဖြစ် အသင်းတော်အား ပေါလု ပုံဖော်ထားသည်။ ဧဖက် ၂း၁၉-၂၀ ပါ ပေါလု ပြောစကားများကို နားထောင်ကြည့်ပါ-

> ထို့ကြောင့် သင်တို့သည် တကျွန်းတနိုင်ငံသား မဟုတ်၊ ဧည့်သည်လည်းမဟုတ်၊ သန့်ရှင်းသူတို့၏ အမျိုးသားချင်းဖြစ်ကြ၏။ ဘုရားသခင်၏ အိမ်တော်သားလည်း ဖြစ်ကြ၏။ အဘယ်သို့နည်းဟူမူကား တမန်တော်တို့မှစ၍ ပရောဖက်များတည်းဟူသော တိုက်မြစ်အပေါ်၌ သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျက်ရှိကြ၏ (ဧဖက် ၂း၁၉-၂၀)။

ဤနေရာတွင် တမန်တော်တို့သည် အသင်းတော်၏ ကနဦးခေါင်းဆောင်များ ဖြစ်ရုံမျှသာမကဘဲ သူတို့၏ သွန်သင်ချက်တို့သည် အသင်းတော်၏ အုတ်မြစ်ဖြစ်ပုံနှင့် အသင်းတော် ယုံကြည်ချက်နှင့် ကျင့်ဆောင်မှုတို့အတွက် အခြေခံဖြစ်ပုံတို့ကို ပေါလုပြောလိုရင်း ဖြစ်ကြောင်း မှတ်သားရပါမည်။ ဧဖက် ၃း၄-၅ တွင် သူ့သွန်သင်ချက်တို့သည် အုတ်မြစ်ဖြစ်ကြောင်း ယခုလိုတွေ့ရသည်-

> ထိုစကားကိုဘတ်ရွတ်လျှင်၊ ခရစ်တော်၏ နက်နဲသောအရာ၌ ငါလေ့ကျက်သည်ကို သင်တို့သည် သိရကြမည်။ ထိုနက်နဲသောအရာကို သန့်ရှင်းသောတမန်တော်တို့နှင့် ပရောဖက်တို့အား၊ ယခုကာလ၌ဝိညာဉ် တော်အားဖြင့် ဖွင့်လှစ်တော်မူသည်နည်းတူ၊ အခြားသော ကာလတို့၌ လူမျိုးတို့အားပြတော်မမူ (ဧဖက် ၃း၄-၅)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထိုအကြောင်းကြောင့်ပင် တမန်တော်တို့၏ သွန်သင်ချက်များအား အသင်းတော်က ဝန်ခံအပ်နှံမှု ရှိကြောင်း တမန်တော်ဝတ္ထုထဲတွင် မီးမောင်းထိုးပြဖို့ လုကာ ဂရုစိုက်ခဲ့ခြင်း ဖြစ်သည်။ တမန် ၂း၄၂ တွင်

> (ယုံကြည်သူတို့သည်) တမန်တော်တို့၏ ဆုံးမသြဝါဒကို ခံယူခဲ့ကြကြောင်း သူရေးခဲ့သည်။

တိုက်ထောင့်အမြစ်ကျောက်ဖြစ်သော ယေရှုခရစ်တော်အပေါ်တွင်သာမက ကနဦးအသင်းတော်၏ တမန်တော်များနှင့် ပရောဖက်များချခဲ့သည့် အုတ်မြစ်အပေါ်တွင်ပါ အသင်းတော်ကို တည်ဆောက်ရမည်ဖြစ်သည်။ ယေရှု၏ သာသနာနှင့် သွန်သင်ချက်တို့ကို အခွင့်အာဏာရှိရှိ ယုံကြည်စိတ်ချအားကိုးဖွယ် လက်ဆင့်ကမ်းသူများမှာ တမန်တော်များသာ ဖြစ်ကြသည်။ ထို့ကြောင့် ခေတ်အဆက်ဆက် ခရစ်ယာန်တိုင်းသည် တမန်တော်တို့၏ သွန်သင်ချက်များအား ဘုရားသခင့် နှုတ်ကပတ်တော်အဖြစ်ဖြင့် ဆင့်ဆိုခြင်း၊ ထိမ်းသိမ်းခြင်း၊ လိုက်လျှောက်ခြင်းများ ပြုကြရမည် ဖြစ်သည်။ ထိုနည်းအားဖြင့် အသင်းတော်သည် ခရစ်တော်ထံ ဆက်လက်သစ္စာစောင့်သိနိုင်ပြီး ကိုယ်တော်၏ နိုင်ငံတော်ကို ကျွန်ုပ်တို့ ကြိုးစားအားထုတ် ဖြန့်ကျက်မှုအပေါ် ဘုရားသခင် ကောင်းချီးသွန်းလောင်းမည့်အကြောင်း မျှော်လင့်နိုင်ကြမည် ဖြစ်သည်။

ယနေ့ကာလ ကျွန်ုပ်တို့အတွက် ဤအရာ မှန်ကန်ကြောင်း အထင်ရှား အပေါ်လွင်ဆုံးပြရာရောက်သည့်နည်းမှာ ဓမ္မသစ်သည် အခြေခံအားဖြင့် တမန်တော်များ ကိုယ်တိုင် ရေးသားထားသည့်စာ ဖြစ်သည်ဆိုသည့် အချက်ပင်ဖြစ်သည်။ တမန်တော် ဝတ္ထုလို တမန်တော်များ မရေးသည့် စာစောင်တို့သည်လည်း တမန်တော်များထံမှ အတည်ပြုချက် ရရှိထားသော စာများ ဖြစ်ကြသည်။ ခရစ်တော်၏ ယနေ့ကာလ အသင်းတော်အနေဖြင့် တမန်တော်များအားဖြင့် ဟောပြောခဲ့သည့် ဘုရားသခင့် နှုတ်ကပတ်တော်စစ်ဖြစ်သည့် ဓမ္မသစ်ကျမ်းအပေါ်တွင် ကျွန်ုပ်တို့၏ အသက်တာများကို တည်ဆောက်လျက် ရှိကြသည်။

သူတို့၏ သွန်သင်ချက်များအပေါ် သစ္စာစောင့်သိနေဖို့ ညွှန်ကြားသောအားဖြင့် အသင်းတော်ကို တမန်တော်များက ပြင်ဆင်ပေးခဲ့သည်။ ယခုတွင် အသင်းတော်ကို ဦးဆောင်ရန်နှင့် အစေခံရန်အတွက် အမှုဆောင်ရွက်သူများ ပေါ်ထွန်းစေရန် အသင်းတော်ကို သူတို့မည်သို့ ပြင်ဆင်ပေးကြောင်း ဦးစွာ ကြည့်ကြပါစို့။

## အမှုတော်ဆောင်များ

သူတို့၏ သာသနာကို သူတို့ဘာသာသူတို့ မပြီးစီး မအောင်မြင်နိုင်အောင် တားဆီးနေသည့် ရုပ်ခန္ဓာပိုင်းဆိုင်ရာနှင့် အချိန်ကာလပိုင်း ဆိုင်ရာ အကန့်အသတ်များကို တမန်တော်များ ရင်ဆိုင်ခဲ့ရကြောင်း တွေ့ခဲ့ပြီး ဖြစ်သည်။ ဤပြဿနာ၏ အဖြေတစိတ်တပိုင်းမှာ အသင်းတော်အတွင်း နောက်ထပ် အမှုတော်ဆောင်များ ပေါ်ထွန်းစေခြင်း ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သဘင်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အလွန်စောစီးစွာကပင် သာသနာသည် သူတို့ကိုင်တွယ်ဖြေရှင်းနိုင်သည်ထက် များစွာပိုနေကြောင်း တမန်တော်တို့ သတိပြုမိလာခဲ့သည်။ ကနဦးအသင်းတော်ကာလ စားစရာဝေငှသည့် အငြင်းအခုံကိစ္စကို ဖြေရှင်းရာ၌ အစားအသောက် လောက်ငသော ပါလက်စတိုင်းဂျူးများနှင့် မလောက်ငသော ပါလက်စတိုင်းပြင်ပ ဟေလသစကားပြောဂျူးများအကြား ယေရုရှလင် အသင်းတော်အတွင်း အခြေအတင် ဖြစ်ခဲ့ကြသည်။ သင်းထောက်အစေခံများ ခန့်အပ်ပြီး ကျွေးမွေးခြင်းအမှုတို့မှာ အစေခံစေဖို့ သန့်ရှင်းသော ဝိညာဉ်တော်ဦးဆောင်သည့်အတိုင်း တမန်တော်များက ဆုံးဖြတ်ပေးခဲ့ကြသည်။ အစားအသောက် ဝေငှမှုကို သူတို့ ကိုင်တွယ်ရမည် ဖြစ်သည်။ သင်းအုပ်ဆိုင်ရာ ပြုစုစောင့်ရှောက်မှု၌ သူတို့ ထဲထဲဝင်ဝင် ပါဝင်ကြရမည်ဖြစ်သည်။ ထို့နောက် များမကြာမီပင် မတူညီသော အသင်းတော်များအလိုက် သင်းအုပ်များကို ခန့်အပ်တာဝန်ပေးနေကြောင်း တွေ့ရသည်။ သူတို့၏ တာဝန်မှာ အမှန်အားဖြင့် တမန်တော်များ၏ အမွေကို ဆက်ခံရန်ပင် ဖြစ်သည်။ သို့သော် တမန်တော်များ၏ အခွင့်အာဏာမျိုးကို သူတို့ ရယူသည်ဟု ကျွန်ုပ်ဆိုလိုသည်မဟုတ်ပါ။ ပိုင်းခြားသိမြင်ခြင်း၊ ဆုံးဖြတ်ခြင်း အရာတို့မှာ အမွေဆက်ခံသည့် သဘောဖြစ်ပါသည်။ တမန်တော် အခန်းကြီး ၁၅ ထဲက ယေရုရှလင်ကောင်စီမှာ ဤအချက်ကို တွေ့ရသည်။ ခရစ်ယာန် ယုံကြည်ခြင်းသို့ ပြောင်းလဲလာသော တပါးအမျိုးသားများအတွက် မည်သည့် အရည်အချင်းများ ထားရှိသင့်ကြောင်း ပိုင်းခြားသတ်မှတ်ရာ၌ တမန်တော်များသာ ပါဝင်ခြင်းမဟုတ်ဘဲ တမန်တော်များနှင့် သင်းအုပ်များ၊ နှစ်သင်းလုံး ပါဝင်ကာ ပူးတွဲစုစည်းသတ်မှတ်ပေးခဲ့သည်။ ဤကိစ္စတွင် သင်းထောက်များ မပါရှိသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ထို့ကြောင့် မည်သူက မည်သည့်ကိစ္စ တာဝန်ယူရမည်နှင့် ပတ်သက်ပြီး အစီအစဉ်ချထားသည့်သဘောမျိုး ရှိနေသည်။ တမန်တော်များအနိစ္စရောက်ပြီးသည့်နောက် သင်းအုပ်နှင့် သင်းထောက် တာဝန်ဝတ္တရားများအကြား ခေါင်းဆောင်မှု သတ်မှတ်ချက် ရှိထားပြီဖြစ်သည်။

**Dr. John Norwood**

ယခုတွင် ကနဦးအသင်းတော် စီမံအုပ်ချုပ်မှု၊ အရိုက်အရာခန့်အပ်မှုတို့နှင့် စပ်လျဉ်း၍ ခရစ်ယာန် ဂိုဏ်းဂဏ အသီးသီးမှာ အမြင်အမျိုးမျိုး ရှိနေကြသည်။ အချို့ဂိုဏ်းဂဏများက ကြီးကြပ်အုပ်ချုပ်သူ၊ သင်းအုပ်၊ သင်းထောက်ဟူ၍ သုံးမျိုး လက်ခံထားကြသည်။ အခြားသူတို့ကမူ သင်းအုပ်နှင့် သင်းထောက်နှစ်မျိုးသာ လက်ခံကြသည်။ အချို့ကမူ တမန်တော်၊ သာသနာပြု၊ ဧဝံဂေလိဆရာမှစ၍ များစွာရှိသေးသည်ဟု ဆိုကြသည်။

မှန်ကန် လျောက်ပတ်သော အသင်းတော် စီမံအုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး ဤသင်ခန်းစာက အဖြေမပေးနိုင်ပါ။ သို့သော် ယေဘုယျဆိုရပါလျှင် ဘုရားသခင် သာသနာကို အသင်းတော်က သေချာပေါက် ဆက်လုပ်နိုင်စေဖို့ အသင်းတော် အမှုတော်ဆောင်များအား တမန်တော်တို့က တိုးချဲ့ခန့်အပ်ပေးထားခဲ့သည်။ အမှန်အားဖြင့် ယေရှုကောင်းကင်တက်ကြွသွားပြီးနောက် အမှုတော်ဆောင်များ ထပ်ဖြည့် ခန့်အပ်ခြင်းကို တမန်တော်တို့က အလျင်အမြန်ပင် လုပ်ဆောင်ခဲ့ကြသည်။ ပိုမိုကျယ်ပြန့်လာသော အသင်းတော်၏ အမှုတော်ကို မဆိုထားနှင့်၊ ယေရုရှလင် ဒေသန္တရ အသင်းတော်နှင့် ဆက်နွယ်သည့် အမှုတော်တို့ကိုပင် သူတို့ဘာသာ သူတို့ လုပ်နိုင်စွမ်း မရှိကြောင်း ရုတ်ခြည်းဆိုသလိုပင် သူတို့ ဝန်ခံခဲ့ကြသည်။ တမန်တော် အခန်းကြီး ၆ ထဲတွင် ဤအရာကို တွေ့ရသည်။

ထိုအချိန်က အသင်းတော်သည် အရေအတွက်အရရော စုံလင်ရှုပ်ထွေးသည့် ယဉ်ကျေးမှုများအရပါ အလျင်အမြန် ကြီးထွားပွားများနေချိန်ဖြစ်သည်။ ဤ အလျင်အမြန် ကြီးပွားမှုက အသင်းတော်အတွင်း များလှစွာသော ပြဿနာများကို ပေါ်ထွန်းလာစေသည်။ သာဓကအားဖြင့် နေ့စဉ် အစားအစာနှင့် အခြားလိုအပ်သည်များအား မုဆိုးမများသို့ ဝေငှရာတွင် ဟေလသ စကားပြောသော သင်းဝင်သူ မုဆိုးမတို့ လစ်လျူရှုခံခဲ့ကြရသည်။

အဆိုပါပျက်ကွက်မှုမှစ၍ အခြားအမှုကိစ္စတို့ကို အသေအချာ ဖြေရှင်းနိုင်ရန် သင်းထောက် အရိုက်အရာကို တမန်တော်တို့က ဖန်တီးပေးခဲ့ကြသည်။ ဤကိစ္စတွင် နေ့စဉ် အစားအစာ ဝေငှရေးအတွက် တာဝန်ယူမည့်အမျိုးသားများကို အသင်းတော်ကရွေးချယ်ပေးဖို့ တမန်တော်တို့ ညွှန်ကြားခဲ့ကြသည်။ တမန်တော် ၆း၃-၆ အရ ဤကိစ္စကို တမန်တော်တို့ မည်သို့ဖြေရှင်းကြောင်း နားထောင်ကြည့်ပါ-

> (တမန်တော်တို့ကလည်း) "ထို့ကြောင့် ညီအစ်ကိုတို့၊ ဝိညာဉ်တော်နှင့်၎င်း၊ ပညာနှင့်၎င်း ပြည့်စုံလျက် အသရေရှိသောလူ ခုနှစ်ယောက်တို့ကို သင်တို့တွင် ရှာကြလော့၊ ဤအမှုကို ဆောင်ရွက်စေခြင်းငှာ ထိုသူတို့ကို ငါတို့သည် ခန့်ထားကြမည်။ ငါတို့မူကား ဆုတောင်းပဌနာပြုခြင်း၊ နှုတ်ကပတ်တရားတော်ကို ဟောပြောခြင်းအမှုတို့ကို အမြဲပြု၍နေမည်ဟု ဆိုကြ၏။ ..... တမန်တော်တို့ရှေ့မှာ ထားကြ၏။ တမန်တော်တို့သည်လည်း ဆုတောင်းပြီးလျှင် ထိုသူတို့၏ ခေါင်းပေါ်၌ လက်ကိုတင်ကြ၏ (တမန် ၆း၃-၆)။

အသင်းတော်ကို အုပ်ထိန်းရန်နှင့် ဒေသန္တရ အသင်းတော်လူစုများကို ဦးဆောင်ဦးရွက်ပြုရန် သင်းအုပ်ဟု ခေါ်ဆိုလေ့ရှိသည့် အကြီးအကဲများအားလည်း တမန်တော်တို့က ခန့်အပ်ပေးခဲ့ကြသည်။ မိမိ၏ သာသနာပြုခရီးစဉ်များအတွင်း ပြောင်းလဲလာသူ လူသစ်များအား ပေါလုက ပုံမှန်အားဖြင့် အသင်းတော်အဖြစ် စုဝေးစေခဲ့ပြီး သူထွက်ခွာချိန် အသင်းတော်ကို တာဝန်ယူမည့် ခေါင်းဆောင်များအားလည်း ခန့်ထားပေးခဲ့လေ့ရှိသည်။ တမန်တော် ၁၄း၂၃ တွင် ဤအကြောင်း သာဓကကို တွေ့ရသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> (ပေါလုနှင့် ဗာနဗတို့သည်) အသင်းတော်များတို၌ သင်းအုပ်တို့ကို ခန့်ထား၍ အစာရှောင်လျက် ဆုတောင်းပဌနာပြုပြီးလျှင် သင်းဝင်သူတို့ ယုံကြည်သော သခင်ဘုရား၏လက်တော်သို့ ထိုအသင်းတော်တို့ကို အပ်နှံကြ၏ (တမန် ၁၄း၂၃)။

အမှန်စင်စစ် အသင်းတော်အတွက် သင်းအုပ်များအားပြင်ဆင်ခြင်းအပေါ် တမန်တော်တို့ အလွန်ပင်အာရုံထားကြရကား တမန်တော်များ သက်ရှိထင်ရှားရှိနေစဉ်မှာပင် မိမိတို့နှင့်အတူ တွဲဖက်ဦးဆောင်ရန် သင်းအုပ်များကို သူတို့ အားပေးခဲ့ကြသည်။ တမန်တော်ဝတ္ထုအတွင်း အပေါ်လွင် အထင်ရှားဆုံး သာဓကမှာ အသင်းတော်အတွင်း တပါးအမျိုးသားတို့ကို မည်သို့ ပေါင်းစည်းသွတ်သွင်းရမည်ဆိုသည့် မေးခွန်းကို ဖြေရှင်းခဲ့ရာ ယေရုရှလင်ကောင်စီပင် ဖြစ်တော့သည်။ တမန်တော်များနှင့် သင်းအုပ်များ၊ နှစ်သင်းစလုံးက ယေရုရှလင်ကောင်စီကို ကြီးမှူးဦးဆောင်ခဲ့ကြသည်။ ထိုအဖြစ်အပျက်မှတ်တမ်းတင်ရာ တမန်တော် အခန်းကြီး ၁၅ထဲတွင် အသင်းတော် ခေါင်းဆောင်များအဖြစ် တမန်တော်များနှင့် သင်းအုပ်တို့အား အနည်းဆုံး ငါးကြိမ် ဖော်ပြထားသည်။ တမန်တော် ၁၅း၁-၂ ပါ အခန်းကြီး ၁၅ အစပြုပုံကို နားထောင်ကြည့်ပါ-

> ယုဒပြည်မှ အန္တိအုတ်မြို့သို့ ရောက်လာသောသူအချို့တို့က "သင်တို့သည် မောရှေ၏တရားအတိုင်း အရေဖျားလှီးခြင်းမခံလျှင် ကယ်တင်တော်မူခြင်းသို့ မရောက်နိုင်"ဟု ညီအစ်ကိုတို့အား ဆုံးမသြဝါဒပေးကြ၏။ ထိုသူတို့နှင့် ပေါလု၊ ဗာနဗတို့သည် ဆွေးနွေးငြင်းခုံခြင်းများသောအခါ ပေါလုနှင့် ဗာနဗတို့သည် အခြားသော တပည့်တော်အချို့တို့နှင့်တကွ ထိုပြဿနာ၏ အကြောင်းကြောင့် ယေရုရှလင်မြို့၌ ရှိသော တမန်တော်တို့နှင့် သင်းအုပ်တို့ထံသို့ သွားရမည်အကြောင်းကို စီရင်ကြ၏။

တမန်တော်တို့နှင့် သင်းအုပ်တို့ထံ တိုင်ပင်ဆွေးနွေးရေးအတွက် ပေါလုနှင့် အခြားသူတို့အား စေလွှတ်ခဲ့ကြသည်။ ထိုအခန်းကြီးထဲမှာပင် အခန်းငယ် ၄၊ ၆၊ ၂၂ နှင့် ၂၃ တို့၌ အလားတူ စာအရေးအသားမျိုးကို တွေ့ရသည်။

မေရှိယနိုင်ငံတော်ဆိုင်ရာ ဘုရားသခင့်သာသနာကို ဆက်လုပ်ရန် အသင်းတော် အမှုတော်ဆောင်များအား တမန်တော် ဝတ္ထုတစ်လျှောက်လုံး တမန်တော်များက ဆင့်ဆိုခဲ့သည်။ တမန်တော် အခန်းကြီး ၂ဝ အတွင်း ဧဖက်သင်းအုပ်များထံ ပေါလုတာဝန်ပေးချက်၌ ဤအချက်ကို တွေ့ရသည်။ တမန်တော် အခန်းကြီး ၁၅ နှင့် ၂၁ တို့တွင် အသင်းတော်ကို ဦးဆောင်သူအဖြစ် ရှိနေခဲ့ပြီးပုံရသည့် ယာကုပ်လို သင်းအုပ်များ၏ ပေါ်လွင်ထင်ရှားသော ကဏ္ဍများထဲမှာလည်း ကျွန်ုပ်တို့ တွေ့နိုင်သည်။ တိတု ၁း၅ မှာပါသည့် သင်းအုပ်ခန့်အပ်မှုအကြောင်း ပေါလု ရေးသားချက်ကို နားထောင်ကြည့်ပါ-

> ကရေတေကျွန်း၌ မစုံလင်သမျှတို့ကို ပြင်ဆင်၍ မြို့ရွာများ၌ သင်းအုပ်တို့ကို ခန့်ထားစေခြင်းငှာ ထိုကျွန်း၌ သင့်ကို ငါထားခဲ့သတည်း (တိတု ၁း၅)။

မိမိမပြီးစီးနိုင်ခဲ့သော အလုပ်ကို ပြီးစီးအောင်လုပ်ဖို့ ငယ်ရွယ်သော သင်းအုပ်ဆရာတိတုကို ပေါလု ဩဝါဒပေးခဲ့သည်။

> ခေါင်းဆောင်မရှိဘဲ ခရီးဆက်ရသည့် အသင်းတော်ကို ပေါလုမထားရစ်ခဲ့ပါ။ ထို့ကြောင့် မိမိဘာသာမိမိ ရပ်တည်နိုင်သော အသင်းတော်မျိုး ဖြစ်စေဖို့၊ ထိုအသင်းတော်အဖြစ် ခရီးဆက်စေဖို့ ပေါလု ဆန္ဒရှိသည်။ တိမောသေနှင့် တိတု၊ နှစ်ဦးစလုံးအား သင်းအုပ်နှင့် သင်းထောက် မည်သို့ ရွေးချယ်တာဝန်ပေးရမည်နှင့် ပတ်သက်သည့် စံနှုန်းအရည်အချင်းများ ပေးထားပြီးဖြစ်သည်။ ၁ တိမောသေကို ဖတ်လျှင် အဆိုပါစံနှုန်းအားလုံးကို တွေ့ရသည်။ သို့သော် တိတု အခန်းကြီး ၁ မှာလည်း စံနှုန်းများ ရှိနေသည်။ သို့ဖြစ်လျှင် ၎င်းသည် အသင်းတော်ကို ဆက်လက် ဦးဆောင်မည့်သူ၊ လမ်းပြမည့်သူရှိအောင် အသင်းတော်ကပဲ ပိုမိုလုပ်ဆောင်လာရသည့် သဘောဖြစ်သည်။ ၁ပေတရု အခန်းကြီး ၅ ထဲတွင် ပေတရုက "ငါ၏ သင်းအုပ်ချင်းတို့၊ သင်တို့၏ ပုဂ္ဂိုလ်ရေး အကျိုးစီးပွားများအတွက် လူတို့ကို ဝန်မဖြစ်စေကြပါနှင့်" ဟု မိမိကိုယ်တိုင်ကိုလည်း သင်းအုပ်တစ်ဦးအဖြစ် ခေါ်ဝေါ်သမုတ်ရင်း သင်းအုပ်များကို မေတ္တာရပ်ခံခဲ့သည်။ သင်သိပါသည်။ တဖန်ထပ်၍ ဆိုပါမည်။ သိုးစုကို သင်ကျွေးမွေးရပါမည်။ သိုးစုကို သင်ကျွေးမွေးရပါမည်။ ထို့ကြောင့် သိုးစုကို ပြုစုရန် သို့မဟုတ် ခွန်အားပေးရန်နှင့် သိုးစုကို ဆက်လက်ကျွေးမွေးပြီး သူတို့အား ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် သင်းအုပ်များ ရှိနေကြရခြင်း ဖြစ်ပါသည်။
>
> **Bishop Peter Pharles Kissena**

တမန်တော်များအား သူတို့ဘာသာသူတို့ အရာရာ လုပ်ဆောင်စေဖို့ ဘုရားသခင် ဘယ်သောအခါမျှ မရည်ရွယ်ခဲ့ပါ။ သူ့အသင်းတော်ကို တမန်တော်များ ထူထောင်စေဖို့ ကိုယ်တော် ရည်ရွယ်ခဲ့သည်။ တမန်တော်များထံမှ အသင်းတော်ခေါင်းဆောင်မှုတာဝန် လွှဲယူမည့်သူများကို သူတို့ လေ့ကျင့်ပြုစုပေးဖို့လည်း ကိုယ်တော် ရည်ရွယ်ခဲ့သည်။ တမန်တော်များ မည်သည့်အခါတွင်မျှ မရောက်နိုင်တော့သည့် အရပ်ဒေသနှင့် အချိန်ကာလများအတွင်း ဘုရားသခင့်နိုင်ငံတော်ကို ဖြန့်ကျက်ရင်း တမန်တော်တို့၏ အုတ်မြစ်အပေါ်တွင် အဆိုပါ အမှုတော်ဆောင်တို့က ဆက်လက် တည်ဆောက်သွားကြလိမ့်မည် ဖြစ်သည်။

ယခုအထိ သူတို့၏ သွန်သင်ချက်တို့အပေါ် သစ္စာစောင့်သိရန် အသင်းတော်ကို တမန်တော်တို့သွန်သင်ကြောင်း၊ ခရစ်တော်၏ သာသနာ ပြီးပြည့်စုံရန် ထပ်မံလိုအပ်သည့် အမှုတော်ဆောင်များကို ပေါ်ထွန်းစေကြောင်း ကျွန်ုပ်တို့ တွေ့ပြီး ဖြစ်သည်။ ယခုတွင် ရှေ့သို့

အသင်းတော် ခရီးဆက်သည်နှင့်အမျှ မလွဲသွေ ရောက်လာတော့မည့် ခက်ခဲမှုများအတွက် အသင်းတော်အား တမန်တော်တို့ ပြင်ဆင်ပေးခဲ့ပုံကို ကြည့်ကြပါမည်။

## အခက်အခဲများ

တမန်တော်တို့၏ သာသနာအား အခက်အခဲ၊ အန္တရာယ်၊ ညှင်းပန်းနှိပ်ကွပ်မှုတို့ အတိပြီးနေသည့်သဘောဖြင့် လုကာ ဖော်ပြထားသည်။ မကြာခဏ သူတို့အဖမ်းခံ ထိကြပြီး အရိုက်အနှက်ခံကြရသည်။ တမန်တော် ယာကုပ်ဆိုလျှင် ဟေရုဒ်မင်း ခေါင်းဖြတ်ကွပ်မျက်သည်ကိုပင် ခံခဲ့ရရှာသည်။ သူတို့ဘဝမှာ ဖြစ်ပျက်ခဲ့သမျှတို့ အခြားခရစ်ယာန်များ ဘဝမှာလည်း ဖြစ်ပျက်လာမည်ကို တမန်တော်တို့ သိနားလည်ထားကြသည်။

ထူးခြားသော အခန်းတစ်ခုတွင် လုတ္တရမြို့က ဒေါသထွက်နေကြသည့် မယုံကြည်သူ လူအုပ်ကြီး၏ ကျောက်ခဲနှင့် ပစ်ခံရခြင်းကို ပေါလုခံရသည့်နောက် သေပြီအထင်နှင့် ပစ်ထားခံခဲ့ရသည်။ နောက်နေ့တွင် အနီးအနားရှိ ဒေရဗေမြို့သို့ သူလွတ်မြောက်ရောက်ရှိခဲ့သည်။ သို့သော်များမကြာမီ ယုံကြည်သူများကို ခွန်အားပေးရန် လုတ္တရမြို့နှင့် အခြားမြို့များသို့ သူပြန်ရောက်လာခဲ့သည်။ တမန်တော် ၁၄း၂၁-၂၂ အတွင်း ပေါလုအသက်ကို လုပ်ကြံသည့် နောက်ခံအခြေအနေ၌ ဤစကားများကို လုကာ မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်-

> (ပေါလုနှင့် ဗာနဗ) လုတ္တရမြို့၊ ဣကောနိမြို့၊ အန္တိအုတ်မြို့တို့ကို အစဉ်အတိုင်း လှည့်လည်၍ ပြန်ကြ၏။ ထိုသို့ပြန်ကြစဉ် တပည့်တော်များ၏ စိတ်နှလုံးကို မြဲမြံခိုင်ခံ့စေသဖြင့် ယုံကြည်ခြင်း၌ တည်ကြည်မည်အကြောင်း နိုးဆော်ချီးပင့်၍ ငါတို့သည် များပြားသော ဆင်းရဲဒုက္ခကိုခံ၍ ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ရကြမည်ဟု ဟောပြောပြည့်ကြ၏ (တမန် ၁၄း၂၁-၂၂)။

ခက်ခဲကြမ်းတမ်းမှုများနှင့် ညှင်းပန်းနှိပ်ကွပ်မှုများကို သူတို့ ရင်ဆိုင်ရရန်ရှိကြောင်း အသင်းတော်အား တမန်တော်တို့ သိနားလည်စေလိုခဲ့သည်။ ယုံကြည်ခြင်းအတွက်ကြောင့် အချို့တို့သည် သတ်ဖြတ်ခြင်းကိုပင် ခံရဖို့ ရှိနေခဲ့သည်။ သို့သော် နိုင်ငံတော်၏ ပန်းတိုင်အတွက် ဖြစ်ရကား ခံယူထိုက်ပေသည်။ ထို့ကြောင့်ပင် အသင်းတော်သည် ခရစ်တော်ထံ စွဲစွဲမြဲမြဲ သစ္စာစောင့်သိရန် လိုအပ်ခဲ့သည်။

ဖေက်အသင်းတော် သင်းအုပ်များထံ ပေါလု၏ လူသိထင်ရှား မိန့်ဆိုစကားထဲမှာလည်း ခက်ခဲကြမ်းတမ်းမှုများကို ရင်ဆိုင်နိုင်ရန် အသင်းတော်အား တမန်တော်များ ပြင်ဆင်ပေးပုံကို တွေ့နိုင်သည်။ တမန်တော် အခန်းကြီး ၂၀ တွင် သူ့မျက်နှာကို သူတို့ ပြန်တွေ့ရတော့မှာမဟုတ်ကြောင်း သူတို့အား ပြောပြခဲ့သည်။ ယေရုရှလင်ကို သူသွားမည့်အကြောင်း၊ အဖမ်းခံရပြီး အသတ်ပင် ခံရနိုင်ခြေရှိကြောင်း ပြောခဲ့သည်။ သူ့အသက်အတွက် ဤမျှလောက် ခက်ထန်ဆိုးရွားသော အခြေအနေရှိနေစဉ်မှာပင် ဖေက်သင်းအုပ်တို့အား သူတို့ရင်ဆိုင်ရမည့် အခက်အခဲများအတွက်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အသင့်ဖြစ်နေဖို့ သတိပေးချက်များနှင့် အားပေးတိုက်တွန်းချက်များ ပေါလုပေးခဲ့သည်။ တမန်တော် ၂၀း၂၈-၃၁အတွင်း ဧဖက်သင်းအုပ်များအား ဤသို့ပြောဆိုခဲ့သည်-

> ထို့ကြောင့် သင်တို့သည် ကိုယ်ကို သတိနှင့် ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးနှင့် ဝယ်တော်မူသော အသင်းတော်ကို လုပ်ကျွေးစေခြင်းငှာ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကို အအုပ်အချုပ် ခန့်ထားတော်မူသော သိုးစုတစ်စုလုံးကိုလည်း သတိနှင့် ကြည့်ရှုကြလော့။ အကြောင်းမူကား၊ ငါမရှိသည်နောက်၊ ကြမ်းတမ်းသော တောခွေးတို့သည် သိုးများကိုမသနားဘဲ သင်တို့အထဲသို့ဝင်မည်ကိုငင်း၊ တပည့်တော်များကိုသွေးဆောင်ခြင်းငှါ၊ မှားသောစကားကို ပြောတတ်သောလူတို့သည် သင်တို့အထဲ၌လည်း ပေါ်လာမည်ကိုငင်း ငါသိ၏ ထို့ကြောင့် စောင့်ရှောက်၍ နေကြလော့ (တမန်တော် ၂၀း၂၈-၃၀)။

တမန်တော်အများစုကလည်း အသင်းတော်ထံ သူတို့ ပေးစာများထဲတွင် အလားတူ အကြောင်းအရာတို့ကို ရေးခဲ့ကြသည်။ ယုံကြည်ခြင်းကို ရန်ဖက်ပြုသူများအား သတိပြုရန်၊ ကျမ်းစာနှင့်တကွ သူတို့သွန်သင်ချက်များ အပေါ်မှာသာ မှီခိုအားထားရန်နှင့် ခရစ်တော်အပေါ် သစ္စာစောင့်သိရန်အတွက် ပေတရု၊ ယောဟန် နှင့် ပေါလုတို့ အသီးသီး နိုးဆော်တိုက်တွန်းခဲ့ကြသည်။ ဤအရာရှိသမျှကို ကြည့်လျှင် အသင်းတော်များကို စိတ်အားလျော့စေလိုသည့် ရည်ရွယ်ချက်မျိုး တမန်တော်များမှာ မရှိခဲ့ပါ။ ထိုအစား ကြုံရမည့် အခက်အခဲများကို ရည်မျှော်ပြီး ခရစ်တော်၌ ကိုးစားရေး၊ သန့်ရှင်းသော ဝိညာဉ်တော်ဆုကျေးဇူးများနှင့် ကျေးဇူးပြုမှုများကို အမှီပြုရေး၊ ဘုရားသခင့်သာသနာ ဆက်လက် လုပ်ဆောင်ရေးတို့အတွက် အသင်းတော်ကို ပြင်ဆင်ပေးရန်သာ ဖြစ်သည်။

တမန်တော်များ၏ သက်သေနှင့် သွန်သင်ချက်တို့အပေါ် အသင်းတော်ကို အခြေတည်ခြင်း၊ အသင်းတော်အတွင်း အမှုတော်ဆောင်များကို ခန့်အပ်ပေးခြင်း၊ အခက်အခဲများကို ရင်ဆိုင်နိုင်ရန် ပြင်ဆင်ပေးခြင်းသာမက အခြားအခြားသောနည်းလမ်းပေါင်းစုံအားဖြင့် ဘုရားသခင့် နိုင်ငံတော် ဖြန့်ကျက်ရေး သာသနာကို နေရာတိုင်း၊ ခေတ်ကာလတိုင်း၌ အသင်းတော် ဆက်လုပ်နိုင်ရေး တမန်တော်များက သေချာစေခဲ့သည်။

# နိဂုံး

ဤသင်ခန်းစာထဲတွင် တမန်တော်ဝတ္ထုတစ်ခုလုံးကို ယှက်သွယ်ထားသော အဓိကအာဘော် သုံးခုကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်များနှင့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဆုကျေးဇူးပေးပုံများကို လေ့လာခဲ့ကြသည်။ ခရစ်တော်၏ တမူထူးခြားသော အခွင့်အာဏာဆောင် သက်သေများအဖြစ် တမန်တော်တို့ အရေးပါပုံကို ဆွေးနွေးခဲ့ကြသည်။ အသင်းတော်ကို တည်ထောင်ခြင်းဖြင့် သူတို့ကို အပ်နှင်းသော လုပ်ငန်းတာဝန်ကို တမန်တော်များ မည်သို့ ဖြည့်ဆည်းခဲ့ကြောင်း တွေ့မြင်ခဲ့ကြသည်။

တမန်တော်ဝတ္ထုသည် သမိုင်းနှင့် ဓမ္မပညာပိုင်းဆိုင်ရာ ထူးခြားသော စာပေမှတ်တိုင်တစ်ခု ဖြစ်သည်။ သော်ဖိလုနှင့် ကနဦးအသင်းတော်ကို လုကာ ဦးတည်ရေးသားရာ၌ သူတို့၏ သက်သေခံများအားဖြင့် မြေကြီးပေါ်က တိုင်းနိုင်ငံအသီးသီးသို့ဘုရားသခင့် နိုင်ငံတော် သတင်းကောင်း ဖြန့်ကျက်ခြင်း၏ အဓိက အရေးကြီးပုံကို သူမီးမောင်းထိုးပြခဲ့သည်။ ယနေ့ကာလ ကျွန်ုပ်တို့ အသက်တာ၌ အဆိုပါ သင်ခန်းစာများကို အလားတူ လက်တွေ့အသုံးချသည့်အခါ သူ၏ ထာဝရနိုင်ငံတော်ကို အဆုံးသတ်ပြည့်စုံရန် ခရစ်တော်ပြန်ကြွလာမည့်နေ့ရက်ကို ရည်မျှော်ရင်း ကျွန်ုပ်တို့သည်လည်း ဘုရားသခင့်နိုင်ငံတော်အတွက် မိမိတို့၏ အသက်တာကို ရည်စူးအပ်နှံကြရမည် ဖြစ်ပေတော့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။